ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့် ၊ သောကြာနေ့ ၊ (28-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၀)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်**

စာမျက်နှာ - ၁၈

**၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၈

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

## ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌

စာမျက်နှာ ၁၈ ကော်လံ ၁



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

## ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၂ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှု တားဆီး ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ကြစဉ်။

နေပြည်တော် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုစတင်ဖြစ်ပွားခဲ့သည်။

အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

## ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများ ရောင်းချပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
သတင်းကြေညာချက်
၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၈ ရက်

၁။ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတစ်စောင်လျှင် (၅၀၀ိ/-)နှင့် စာမေးပွဲဝင်ကြေးအတွက် (၂၀၀၀ိ/-)တန်ဖိုးရှိ

စာမျက်နှာ ၂၅ ကော်လံ ၁ ❍

## ၂၀၂၇ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများ ရောင်းချပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
သတင်းကြေညာချက်
၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၈ ရက်

၁။ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၇ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင် (၅၀၀ိ/-)နှင့် စာမေးပွဲဝင်ကြေးအတွက် (၂၀၀၀ိ/-)တန်ဖိုးရှိ

စာမျက်နှာ ၂၅ ကော်လံ ၄ ❖

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

ဝါခေါင်လသည် မြန်မာဆယ့်နှစ်လရာသီတွင် ပဉ္စမမြောက်လဖြစ်ပြီး မိုးရာသီကာလထဲတွင် ပါဝင်သည်။ ရှေးအခါက ဝါခေါင်လကိုနံကာလဟုခေါ်သည်။ ပုဂံခေတ်ကျောက်စာများတွင်လည်း ဝါခေါင်လကို နံကာလဟုရေးထိုးထားသည်။ နံကာလ၏အဓိပ္ပာယ်မှာ စိုက်ပျိုးချိန်၊ လယ်လုပ်ချိန်လဟုဆိုသည်။ ဝါခေါင်လသည် ဗေဒင်အခေါ် သိဟ်ရာသီ၊ သရဝဏ်နက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ကာ လပြည့်သည်။ ဖုဿနက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်သည်။ ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်ပြီး ရာသီပန်းမှာ ခတ္တာပန်း၊ ရာသီပွဲတော်မှာ စာရေးတံမဲပွဲဖြစ်သည်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့သည် မြတ်စွာဘုရားရှင်လက်ထက်တော်က စတင်ခဲ့သည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းနာယူ၍ တောအုပ်အတွင်းတရားအားထုတ်ကြသည်။ ထိုအခါ ရဟန်းတို့၏ သီလကြောင့် သစ်ပင်ဗိမာန်မှ နတ်တို့ဆင်းပေးရလေရာ နတ်တို့က ရဟန်းတော်များမနေနိုင်အောင် ခြောက်လှန့်ခြင်းကိုပြုလုပ်ကြသည်။ ထိုအခါ ရဟန်းတို့တရားရှုမှတ်၍မရသဖြင့် မြတ်စွာဘုရားအား လျှောက်ထားရာ မေတ္တာကမ္မဋ္ဌာန်းကိုမပွားများကြသည့်အတွက် ခြောက်လှန့်ခံရခြင်းဖြစ်ကြောင်း မြတ်စွာဘုရားကဟောကြားပြီး မေတ္တာကမ္မဋ္ဌာန်းကို သင်ပြတော်မူသည်။

ထို့နောက် ရဟန်းငါးရာတို့သည် မူလတောအုပ်သို့ပြန်လာကြပြီး မြတ်စွာဘုရားသင်ပြတော်မူသည့်အတိုင်း နတ်တို့နှင့်တကွ အားလုံးသောဝေနေယျသတ္တဝါတို့အပေါ် မေတ္တာဖြန့်လျက် ပို့လွှတ်သောအခါ နတ်များက ကြည်ညိုချစ်ခင်လာကြသည်။ ဝါတွင်းကာလ၌ နတ်အပေါင်းတို့၏စောင့်ရှောက်မှုဖြင့် တရားအားထုတ်ကြရာ ရဟန်းငါးရာတို့ ရဟန္တာဖြစ်သွားကြသည်။ မြတ်စွာဘုရားရှင်က ရဟန်းငါးရာတို့ကို ဝါခေါင်လပြည့်နေ့တွင် မေတ္တာသုတ်ဒေသနာတော်ဟောကြားတော်မူသည်ကိုရည်မှန်း၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ကြသည်။

မေတ္တာပို့သူသည် ချမ်းသာစွာအိပ်ပျော်ပြီး စိတ်ကြည်လင်စွာဖြင့် အိပ်ရာမှနိုးထရသည်။ မကောင်းသောအိပ်မက်များမမြင်မက်ဘဲ လူအများ၏ ချစ်ခင်မှုကိုရစေ၏။ ထို့ပြင် ပရလောကသားများနှင့် နတ်ဗြဟ္မာများက စောင့်ရှောက်ကြသည်။ မေတ္တာဟူသည် ချစ်ခင်သောသဘော၊ သတ္တဝါအားလုံး၏ ကောင်းကျိုးချမ်းသာကို လိုလားသောစိတ်ဓာတ်များသက်ဝင်နေသည့် ချစ်ခြင်းသဘောဖြစ်သည်။ မိမိအပေါ်၌ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မိမိဘက်မှ အကောင်းအဆိုးဟူ၍ ခွဲခြားခံစားခြင်းမရှိဘဲ မိမိပေးနိုင်သည့်မေတ္တာတရားကိုသာ လူသတ္တဝါအားလုံးအပေါ် ဖြန့်ကြက်ပို့လွှတ်ထားရမည်ဖြစ်ပေသည်။

မေတ္တာတရားသည် အထက်အောက်ဘေးဘီအရပ်မျက်နှာအားလုံး၌ အတွင်းရန်၊ အပြင်ရန်မရှိ၊ အတိုင်းမသိမြတ်နိုးတတ်သောမေတ္တာစိတ်ကို ပွားများစေရာ၏။ မတ်တတ်ရပ်နေစဉ်ဖြစ်စေ၊ လမ်းလျှောက်သွားနေစဉ်ဖြစ်စေ၊ ထိုင်နေစဉ်ဖြစ်စေ၊ လဲလျောင်းနေစဉ်ဖြစ်စေ အမြဲမပြတ်သတိချပ်လျက် မေတ္တာပို့သနေရာ၏ဟု မြတ်စွာဘုရားက ဟောကြားထားသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် လူအချင်းချင်းနိုင်စက်ခြင်းကင်းဝေးပြီး ဒေါသ၊ မောဟ၊ မာန်မာနများလျော့ပါးကာ အများသူငါသတ္တဝါတို့အပေါ် ကိုယ်နှင့်ထပ်တူချမ်းသာစေရန် မေတ္တာပို့မည်ဆိုပါက ထိုပို့သသောမေတ္တာ၏ရောင်ပြန်ဟပ်မှုအကျိုးကို ရရှိကြမည်ဖြစ်သည်။ ထို့အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူပြည်သားအပေါင်းတို့ကလည်း ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့မှစ၍ နေ့စဉ်ရက်ဆက် မေတ္တာဘာဝနာများပွား၍ တစ်ဦးအပေါ်တစ်ဦး မေတ္တာရှေ့ရှုကာ ပြုမူပြောဆိုတွေးကြံကြခြင်းဖြင့် မြန်မာပြည်တစ်ဝန်းဘေးမသန်းဘဲ အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၂၈၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ထီးချိုင့် ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၂၈၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၂၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးလာပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဖျာပုံ ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇွန်လအတွင်းပန်းခရုပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဒေသက ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာလဲ ပန်းခရုပိဿာချိန် ၄၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က ဒီဘက်က ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ ပန်းခရုတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် တင်ပို့အားတက်လာတာပါ။ အခုလို တင်ပို့အားတက်တော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ အရောင်းအဝယ်သမားတွေက အဓိက အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရုတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပန်းခရုများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် ငါးရံ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးရံ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ငါးရံ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅ သန်းဖြင့် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လာရောက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ငါးရံ့ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၆-၄၅၈၈၉၃၂၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## သာစည်မြို့နယ် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဆည်ကြီးမြောက်ကျေးရွာ၌ ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆည်ကြီးမြောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၂၀ ဒသမ ၉၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၅ ဒသမ ၇၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ နန်းရှေ့နေ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ခေတ်မှန်ဆရာဝန် ပါမောက္ခ ဒေါက်တာဦးဉာဏ်ထွန်း-ဒေါ်နီနီက တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ၉၅၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၈၇၉ ဧကစိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၅၈၇၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၅၈၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး နေကြာစိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းတဲ့ နေကြာမျိုးတွေ စိုက်ပျိုးနိုင်ဖို့ကိုလဲ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## စဉ့်ကိုင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောမကျေးရွာအုပ်စု တောမကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်က အမှာစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက Moderator အဖြစ်ဆောင်ရွက်ကာ တက်ရောက်လာသည့် ဌာနဆိုင်ရာ အကြီးအကဲများက ဒေသခံပြည်သူများနှင့် အပြန်အလှန်မိတ်ဆက်ခဲ့ပြီး မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဇူလိုင်လပထမပတ်လောက်ကနေ စတင်ပြီးဝယ်လိုအားကသိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလိုအခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေပါတယ်" ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်မှ ထွက်ရှိသည့် အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သဒ္ဒါမစဲ လှူဒါန်းပွဲနှင့် မစဲသွန်းဖြိုး မေတ္တာမိုး

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"သာစွလေ– တိမ်ခြေမှိုင်းထန်၊ လဗိမာန်နှင့် သရဝဏ်နက္ခတ်၊ ပြည်မှတ်တစ်လီ၊ သိဟ်ရာသီဟု၊ ခတ္တရီခတ္တာ၊ ပင်တိုင်းဖြာသား၊ နံကာဆန်းစ၊ ဝါခေါင်လကား၊ ကျောင်းမှမကွာ၊ ထေရ်သံဃာတို့၊ သဒ္ဒါရွှင်လန်း၊ ဆွမ်းပန်းကျွေးဟန်၊ စာရေးတံဟု ကောင်းမွန်စီရင်..."**

**(ဦးအောင်ကြီးဘွဲ့– လူးတား)**

**"စုံကာခေါ်ကြ၊ ဝါခေါင်လ၊ သီဟရာသီထား၊ စာရေးတံပွဲ၊ ခြိမ့်ခြိမ့်သဲ၊ လှူမြဲကျော်ထင်ရှား၊ သရဝဏ်နက္ခတ်၊ စန်းယှဉ်လတ်၊ ခတ္တာပွင့်ထွားထွား..."**

**(ရှေးစာဆိုတစ်ဦးဖွဲ့–သံပေါက်)**

**ဝါဆိုဝါခေါင် ရေဖောင်ဖောင်**

မြန်မာ့ဆယ့်နှစ်လရာသီတွင် (၁)ဂိမှာန(နွေဥတု)၊ (၂)ဝဿာန(မိုးဥတု)၊ (၃)ဟေမန္တ(ဆောင်းဥတု)ဟူ၍ ဥတုသုံးပါးရှိရာ ဝါခေါင်လသည် ဝဿာန(မိုးဥတု)တွင်ပါဝင်သည်။

(၁)ဝသန္တရတု၊ (၂) ဂိမှရတု၊ (၃)ဝဿာနရတု၊ (၄)သာရဒရတု၊ (၄)သာရဒရတု၊ (၅)ဟေမန္တရတုနှင့် (၆)သသိရရတုဟူ၍ ရတုခြောက်ဖြာရှိရာ ဝါခေါင်လသည် ဝဿာနရတု(မိုးရာသီ)ထဲတွင် ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ဆရာကြီးမင်းသုဝဏ်က **"ဝါဆိုဝါခေါင် ဝဿာန်၊ အနောင်တောင်က မိုးသက်ကျ"** ဟူ၍ ရတုခြောက်ဖြာသံပေါက်ကို ရေးစပ်ခဲ့သည်။ မုံရွေးဇေတဝန်ဆရာတော်၏ **တစ်ဆယ့်နှစ်လ မိုးလက်ာ**"မှတ်စုစာအုပ်ထဲတွင် **"ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း"** ဟုလည်း ရေးသားထားသည်။ ရာသီက လောကသဘာဝအရ အမျိုးမျိုး ဖောက်ပြန်နေကြလေရာ၊ ခန့်မှန်းချက်များ လွဲသည့်အခါ လွဲနေသည်။ သို့သော် မိုးကြီးမိုးထန်သည် ကတော့ များနေသည်။ ယခုနှစ်ဆိုလျှင် **ဝါဆိုဝါခေါင် ရေဖောင်ဖောင်**ဆိုသော ဆိုထုံးစကားနှင့်အညီ မိုးကြီးသည်းထန်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြသည်မှာ လက်တွေ့ပင်တည်း။

ဝါခေါင်လနှင့် ပတ်သက်၍ ရှေးမြန်မာစာပေဂီတ ပညာရှင်ကြီးများက စာပန်းချီမျိုးစုံ ခြယ်သကာ အမွှမ်းတင် ဂုဏ်ပြုခဲ့ကြသည်။ ဝါခေါင်လ၏ ရာသီအမည်က **"သိဟ်"**၊ စန်းပြည့်နက္ခတ်က **"သရဝဏ်"** ယှဉ်တာရာက **"ဗျိုင်းတာရာ"**၊ ရာသီရုပ်က **"ခြင်္သေ့"**၊ ရာသီပန်းက **"ခတ္တာပန်း"**၊ ရာသီပွဲက "စာရေးတံပွဲ"၊ လပြည့်သန်းခေါင်၊ နတ်ပေါင်းပင်က **"ပုဏ္ဏရိုက်ပင်"**၊ ရက်ရာဇာက **"ဗုဒ္ဓဟူး သောကြာ"** ပြဿဒါးက **"ကြာသပတေး၊ စနေ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ် ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြပါသည်။

ပုဂံခေတ်ကျောက်စာတွင် ဝါခေါင်လကို **"နံကာလ"**ဟု ကမ္ပည်းရေးထိုးထားသည်။ **နံ**= အချိန်ကာလ။ **ကာ** = လယ်ယာလုပ်ကိုင်ထွန်ယက်စိုက်ပျိုးခြင်း၊ လယ်ယာထွန်ယက်စိုက်ပျိုးသည့်အချိန်ကာလဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် **"နယုန်ဝါလ၊ ကြဲကြပျိုးထောင်၊ ဝါခေါင်ကန်သင်း၊ နှစ်လတွင်းမူ၊ ဆင်းကြလယ်ယာ၊ တောင်သူမယ်တို့"**ဟု မှတ်တမ်းပြုခဲ့ကြသည်။

ဗုဒ္ဓသာသနာကို အခြေပြု၍ **"နံကာလ"**မှ **"ဝါခေါင်လ"**သို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်ဟုလည်း မှတ်တမ်းပြုထားကြသည်။ ဝါခေါင်ဆိုသော ဝေါဟာရတွင် **"ဝါ"**သည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းဖြစ်ပြီး **"ခေါင်"**သည် အလယ်ဗဟိုဖြစ်၏။ ထို့ကြောင့် ဝါခေါင်လသည် ဝါတွင်းသုံးလ အလယ်ဗဟိုကို ဆိုလိုခြင်းဖြစ်သည်။

**စာရေးတံမဲ၊ လှူမစဲ**

**"သိဟ်ရာသီ ဝါခေါင်လမို့၊ မောင်နှမ တစ်ကျွန်းစံ၊**
**လွှမ်းရဖန်ဖန်၊ အဆွေးငယ်လျှံ**
**စာရေးတံအလှူတော်ပွဲနှင့်လွဲပြီဗျလေး။**

**(ရှေးစည်တော်သံ)**

စာကဗျာ၊ တေးထပ်၊ သံပေါက်များတွင် ပါဝင်သော ဆယ့်နှစ်လရာသီ ပွဲတော်များထဲတွင် ဝါခေါင်လရာသီပွဲတော်မှာစာရေးတံပွဲတော် ပါဝင်သည်။

စာရေးတံပွဲ(တစ်နည်းအားဖြင့်) စာရေးတံအလှူပွဲတော်ဖြစ်ပေါ်လာခြင်းမှာ မြတ်ဗုဒ္ဓဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်အချိန်က၊ ရာဇဂြိုဟ်ပြည်တွင် ပြည်သူပြည်သားများသည် စားရေးရိက္ခာရှားပါးပြီး ငတ်မွတ်ခေါင်းပါးမှုဒုက္ခမျိုးစုံ ကြုံတွေ့နေခဲ့ကြသည်။ ထို့ကြောင့် ရဟန်းသံဃာများအားလုံးကို ဒါယကာ၊ ဒါယိကာမများက ဆွမ်းဆက်ကပ်လှူဒါန်းကြရန် အလွန်ပင်ခက်ခဲလာခဲ့ကြသောအခါ သံဃာ ငါးပါး၊ ဆယ်ပါး၊ အပါး ၂၀ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ သဒ္ဒါတရားနှင့် ဆက်ကပ်လှူဒါန်းလိုကြခဲ့သည်။ ထိုသို့သော စေတနာဆန္ဒကို မြတ်ဗုဒ္ဓဘုရားရှင်ထံ ခွင့်ပန်ခဲ့ရာ မြတ်ဗုဒ္ဓက ခွင့်ပြုတော်မူခဲ့သည်။

ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြရာတွင် စာရေးတံမဲချ၍ လှူဒါန်းခဲ့ကြသည်။ စာရေးတံမဲချနည်းမှာ ဝါးနီးပြား သို့မဟုတ် သစ်သား၏ထိပ်တွင် ဆွမ်းဒကာအမည်နှင့် နေရပ်တို့ကို ရေးမှတ်ထားရသည်။ ရဟန်းသံဃာတော်များက အလှည့်ကျမဲနှိုက်ရပြီး မဲကျသော ဆွမ်းဒကာ၏နေအိမ်သို့ ဆွမ်းစားကြွရောက်ကြရသည်။

ယနေ့ခေတ်ကာလတွင် စာရေးတံမဲများ ပုံစံပြောင်းလဲသွားခဲ့ကြသည်။ စာရေးတံစက္ကူမဲလိပ်တွင် ဆွမ်းဒကာများ၏အမည်များကို မရေးသားရတော့ဘဲ ရဟန်းသံဃာဘွဲ့နှင့် ကျောင်းတိုက်အမည်ကိုသာ ရေးသားရပြီး ဒကာ၊ ဒကာမများက မဲနှိုက်ကြရသည်။ မဲပေါက်သော ရဟန်းသံဃာတော်ကို မိမိတို့အိမ်သို့ ပင့်ဆောင်ကာ ဆွမ်းဆက်ကပ်ကြရသည်။

ဝါခေါင်လတွင် မိုးကမစဲဘဲ သဲသဲမဲမဲ ရွာလေ့ရှိခဲ့ရာ ဝါဆိုနေကြသော သံဃာတော်များအတွက် ဆွမ်း၊ ကွမ်း ပစ္စည်းလေးပါး မချို့တဲ့စေရေးကို အလေးထားကြကာ နေရာဒေသအနှံ့အပြားတွင် အလှူဒါနပွဲများ ကျင်းပကြလေ့ရှိသည်။ ထိုသို့ ကျင်းပကြရာတွင် ကြွရောက်လာကြသည့် ဝါဆိုသံဃာတော်များနှင့် သာမဏေများကို ဝါးတံတွင် စာရေးပြီး သို့မဟုတ် စက္ကူလိပ်တွင်စာရေးပြီး စာရေးတံမဲဖောက်၍ လှူဖွယ်ပစ္စည်းများကို သီးသန့်လှူဒါန်းကြလေ့ရှိသည်။ ဆွမ်း၊ ကွမ်း၊ ပစ္စည်းလေးပါးအပြင် သီးခြား စာရေးတံမဲဖောက်၍ လှူဒါန်းကြခြင်းသည် ဝါခေါင်လ၏ထူးခြားလှသော **"စာရေးတံပွဲ"** ပင်ဖြစ်သည်။

**မေတ္တာတရား ပွားများကြ**

ပို၍ထူးခြားမှုမှာ **"မေတ္တာအခါတော်နေ့နှင့် မေတ္တာအခါတော်လ"**ဟူသော သတ်မှတ်အမွှမ်းတင် ဂုဏ်ပြုချက်ပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိခဲ့စဉ်က ရဟန်းတော်ငါးရာတို့သည်မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းတရားကိုယူဆောင်၍ တောအုပ်တစ်အုပ်တွင် ဝါဆိုဝါကပ်တော်မူခဲ့ကြသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသောနတ်များက အမျိုးမျိုး ခြောက်လှန့်ကြသောကြောင့် တရားဖြောင့်ဖြောင့် မထိုင်နိုင်ကြတော့ဘဲ မြတ်ဗုဒ္ဓသီတင်းသုံးတော်မူရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွသွားခဲ့ကြသည်။

မြတ်ဗုဒ္ဓက အကြောင်းစုံသိတော်မူသောအခါ **"မေတ္တသုတ်ဒေသနာတော်"**ကို ဟောကြားတော်မူခဲ့ပြီး ထိုမေတ္တသုတ်ဒေသနာတော်ကို မေတ္တာလက်နက်အဖြစ် ရွတ်ဖတ်ကျင့်ကြံစေခဲ့သည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်ထဲမှာပင် မေတ္တသုတ်ဒေသနာတော်ကို ရွတ်ဖတ်ကျင့်ကြံခဲ့ကြရာ နတ်များ ချစ်ခင်လာကြသောကြောင့် ငြိမ်းချမ်းစွာ သီတင်းသုံးကျင့်ကြံနိုင်ခဲ့ကြသည်။ ဝါမကျွတ်မီကာလမှာပင် ရဟန်းတော်အားလုံး ရဟန္တာများ ဖြစ်ခဲ့ကြသည်။

ထိုသို့ဝါခေါင်လတွင် မြတ်စွာဘုရားရှင်သည် **"မေတ္တသုတ်တော်"**ကို ဟောကြားတော်မူခဲ့သောကြောင့် ဝါခေါင်လကို **"မေတ္တာအခါတော်လ"**ဝါခေါင်လပြည့်နေ့ကို **"မေတ္တာအခါတော်နေ့"**ဟု သတ်မှတ်ဂုဏ်ပြုပူဇော်ခဲ့ကြရာ မေတ္တာအခါတော်နေ့ အခမ်းအနားများ ကျင်းပခဲ့ကြပြီး မေတ္တာဘာဝနာပွားများခြင်း ကုသိုလ်ထူးကို ရှေးရိုးစဉ်လာမပျက် ကျင်းပခဲ့ကြသည်။ မေတ္တာတရားထားကြပါက စေတနာမှန်သော မေတ္တာတရားကြောင့် ထိုက်တန်သော တုံ့ပြန်မှုကို ရရှိကြသည်။

မေတ္တာဘာဝနာပွားများကြရာတွင်မေတ္တသုတ်မှလာသည့် မေတ္တာဘာဝနာပွားများနည်း ၁၁ နည်းနှင့် အရပ် ၁၀ မျက်နှာ မေတ္တာပွားနည်း အပါအဝင် များစွာရှိကြသော်လည်း အဓိကအချက်မှာ နှစ်နှစ်ကာကာ ရင်ထဲနှလုံးသားထဲမှလာသော စာနာသနား မေတ္တာထားခြင်းမျိုးမှသာ ထိရောက်မှုအကျိုး အာနိသင်ရှိနိုင်သည်။

ထိရောက်မှုအကျိုးအာနိသင်ဆိုတာက "အိပ်သော် ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရှင်ကြည် မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါး၊ ကျမ်းဂန်ဆိုသည်၊ လူဗိုလ်အများ၊ မေတ္တာပွား" ဟူ၍ မေတ္တာအကျိုး ၁၁ ပါး ရခြင်းပင်ဖြစ်သည်။ (၁) ကောင်းစွာအိပ်ရခြင်း၊ (၂) ကောင်းစွာနိုးရခြင်း၊ (၃) ကောင်းသောအိပ်မက်ကို မြင်မက်ရခြင်း၊ (၄)လူများ ချစ်မြတ်နိုးခြင်း၊ (၅) နတ်တို့ ချစ်မြတ်နိုးခြင်း၊ (၆) နတ်တို့ ကောင်းစွာစောင့်ရှောက်ခြင်း၊ (၇) မီးလက်နက်၊ အဆိပ် စသည်တို့ဖြင့် မနှိပ်စက်နိုင်ခြင်း၊ (၈) စိတ်တည်ကြည်ခြင်း၊ (၉) မျက်နှာအဆင်း တင့်တယ်ခြင်း၊ (၁၀) တွေဝေမှုမရှိဘဲ ဘဝကူးကောင်းခြင်း၊ (၁၁) ဗြဟ္မာ့ပြည်သို့ လားရခြင်း ဟူသော မေတ္တာအကျိုး (၁၁)ပါးကို ရရှိနိုင်ကြစေရေးအတွက် မေတ္တာအခါတော်လ (ဝါခေါင်လ)နှင့် မေတ္တာအခါတော်နေ့ (ဝါခေါင်လပြည့်နေ့) တွင် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြား၌ မေတ္တာပြန့်ပွားအောင် နှစ်စဉ်ဆောင်ရွက်ခဲ့ကြသည်။

ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသောကြောင့် ပရိတ်တရားတော်များ ပဋ္ဌာန်းရွတ်ဆိုပွဲများကို အလေးထားဆောင်ရွက်နေကြသကဲ့သို့ စစ်မှန်သော မေတ္တာတရားထားရှိရေး၊ ပွားများရေးကိုလည်း အလေးထား ဆောင်ရွက်ကြစေလိုသည်။ မေတ္တာနှင့် ဆန့်ကျင်ဘက်က လောဘ၊ ဒေါသ၊ မောဟများပင်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟကြောင့် လူအချင်းချင်း လှည့်စားခြင်း၊ လုပ်ကြံခြင်း၊ ရက်စက်ခြင်း၊ ယုတ်မာခြင်းများရှိနေကြလေရာ ကပ်ဘေးများထဲတွင် မြေပြုရာ ကင်းမှောင့်ဖြစ်နေကြသည်။ **"သုတရတနာဆုံးမစာ"**တွင် **"ဆုတ်ကပ်အခါ၊ မကြင်နာ၊ မေတ္တာမရှိပါ"** ဟူ၍လည်းကောင်း၊ **"ကျည်းကန်စကားပုံ"** တွင် **"သံပရာတစ်ခြမ်း၊ ပျားတစ်ခြမ်းချဉ်ချို၊ နှလုံးညို၍၊ အလိုအပါ၊ မေတ္တာမသက်က၊ ထန်းလျက်မှ အခါးဖြစ်ရမြဲဖြစ်ချေသည်"**ဟူ၍လည်းကောင်း စာဆိုရှိခဲ့ရာ လက်ရှိကာလတွင် ထိုစာဆိုနှင့် ကိုက်ညီသူများ ရှိနေကြသည်။

လောဘ၊ ဒေါသ၊ မောဟ၏ အဖျက်စွမ်းအားကြောင့်၊ အများသူငါ၊ ဆင်းရဲကြ၊ ပင်ပန်းကြသည်။ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၏ အပြုစွမ်းအားကြောင့်၊ အများသူငါ၊ ချမ်းသာကြ၊ ငြိမ်းအေးကြသည်။ ကိုယ်၏လောဘ၊ ဒေါသ၊ မောဟကို ထိန်းချုပ်နိုင်လေလေ၊ ပြဿနာနည်းလေ၊ ဒုက္ခနည်းလေ၊ လူသက်သာလေပင်။ လောဘ၊ ဒေါသ၊ မောဟကိုထိန်းချုပ်နိုင်သောနည်းလမ်းမှာ တွေ့ကြုံသမျှကိုအနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဟုခံယူပြီး ခန္တီတရားလက်ကိုင်ထားကာ မေတ္တာဘာဝနာ ပွားများနေကြရန်ပင်ဖြစ်သည်။

**"ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မငြိမ်းအေးနိုင်ကြကုန်။ ရန်တုံ့မမူခြင်းဖြင့်သာလျှင်၊ ရန်အေးကုန်နိုင်၏။ ဤသဘောကား၊ ရှေးရိုးစဉ်လာ ဓမ္မတာတည်း"** **(ဓမ္မပဒ)**

**"ရှင်မဟာသီလဝံသစကားပုံ"**ထဲတွင် **"ရန်ကိုအောင်စေလိုသော် မေတ္တာ"**ဟု လမ်းညွှန်ထားရာ လိုက်နာကြသင့်သည်။

ဤနေရာတွင် ယခင်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သံဃမဟာနာယကဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ သာရဏီယသြဝါဒကထာကို သတိရနေသည်။ ဆရာတော်ဘုရားကြီး၏ သရဏီယသြဝါဒကထာ အနှစ်ချုပ်မှာ မြတ်ဗုဒ္ဓဘုရားရှင်လက်ထက်က တန်ဖိုးနည်းလှသော လယ်ရေသွင်းရေပဟဏီမြစ်ရေကြောင့် ကပိလဝတ်ပြည်သားများနှင့် ကောလိယ ပြည်သားတို့၏ စစ်ဆင်ရေးကို အချိန်မီတားဆီးခဲ့ရပုံ၊ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုလာ

စာမျက်နှာ ၅ သို့ á

❖ လောဘ၊ ဒေါသ၊ မောဟ၏ အဖျက်စွမ်းအားကြောင့်၊ အများသူငါ၊ ဆင်းရဲကြ၊ ပင်ပန်းကြသည်။ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၏အပြုစွမ်းအားကြောင့်၊ အများသူငါ၊ ချမ်းသာကြ၊ ငြိမ်းအေးကြသည်။ ကိုယ်၏လောဘ၊ ဒေါသ၊ မောဟကို ထိန်းချုပ်နိုင်လေလေ၊ ပြဿနာနည်းလေ၊ ဒုက္ခနည်းလေ၊ လူသက်သာလေပင်။ လောဘ၊ ဒေါသ၊ မောဟကို ထိန်းချုပ်နိုင်သောနည်းလမ်းမှာ တွေ့ကြုံသမျှကို အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဟုခံယူပြီး ခန္တီတရားလက်ကိုင်ထားကာ မေတ္တာဘာဝနာ ပွားများနေကြရန်ပင်ဖြစ်သည်။ ❖

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၆၇၀၀ စိုက်ပျိုးမည်


ယခင်နှစ်က သခွားစိုက်ခင်းကို တွေ့ရစဉ်။

**ကနီ ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၆၇၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကနီမြို့နယ်တွင် ဟင်းသီးဟင်းရွက်ဧက ၆၇၀၀ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၆၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ သခွား၊ မုန်လာဥစတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးသွားပါမယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် ကနီမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ဖန္ဒနဇာတ်တော်ထဲမှ ဝက်ဝံနှင့်ကြို့ပင်စောင့်နတ် တစ်ဦးနှင့်တစ်ဦး အထင်မှားရန်ငြိုးထားမှုကြောင့် နှစ်ဦးစလုံးပျက်စီးဆုံးရှုံးရပုံ၊ ကဋ္ဌကိကဇာတ်တော်လာ အားကြီးသော ဆင်ရိုင်းကြီး၏ ရက်စက်မှုကို အားငယ်သောနံ့စုတ်ငှက်ငယ်လေးနှင့် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့ မိတ်ဆွေတစ်စုက အန်တုနှိမ်နင်းခဲ့ပုံ စသည်မှတ်သားဖွယ်ရာ စုံလင်လှသည်။

**"နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး" က နိဂုံးချုပ်အနေဖြင့်** "မြန်မာနိုင်ငံ၏ ရေမြေတွင်မွေးဖွားပြီး မြန်မာနိုင်ငံရေမြေတွင် ကြီးပွားကာ၊ မြန်မာနိုင်ငံ၏မြေမှာပင် ဘဝနိဂုံးအဆုံးသတ်ကြမည့် ပြည်သူပြည်သား ဘာသာဝင်ရဟန်းရှင်လူအများတို့သည် မိမိတို့၏စိတ်နှလုံးတွင် လောင်မြိုက်နေကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသည့် ငြိမ်းချမ်းရေးအသိတရား၊ မေတ္တာရေစင်ဖြင့် အတူတကွ၊ သွန်းလောင်းကြလျက်၊ တစ်ဦးက တစ်ဦးအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားများ ပွားများနိုင်ကြပါစေကြောင်း ဆန္ဒလောင်းလျက်သာရဏီယဩဝါဒတရား ချီးမြှင့်လိုက်ပါသတည်း"ဟု သာရဏီယဩဝါဒကို ဟောပြောလမ်းညွှန်ခဲ့သည်။ ဥက္ကဋ္ဌဆရာတော်ကြီး၏ သာရဏီယဩဝါဒတရားသည် ငြိမ်းချမ်းရေးကိုလမ်းညွှန်သည့် တရားဖြစ်သည့်အပြင် ဗြဟ္မစိုရ်တရားလေးပါးနှင့် အကျုံးဝင်နေသော မေတ္တာအခါတော်လနှင့် မေတ္တာအခါတော်နေ့နှင့်လည်း ဆက်စပ်ထပ်တူကျနေသဖြင့် ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်နေကြရသော တိုင်းရင်းသားပြည်သူများအနေဖြင့် မေတ္တာလက်နက်ကိုယ်စီဖြင့် ခုခံကာကွယ်အနိုင်ယူသွားကြစေချင်ပါသည်။

**"နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး"**
**"မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး"**
**"အေးစေ မြစေ၊ မေတ္တာရေ၊ သုံးလေရပ်ရွာသုံး"**
**"မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး"**
**"မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး"**

**"ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်"**၏ အေးစေမြစေ၊ မေတ္တာရေဖြင့် လောဘမီး၊ ဒေါသမီး၊ မောဟမီးများကို ငြိမ်းသတ်နိုင်ကြပါစေ။

**ကိုးကား**

- သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ဗုဒ္ဓဘာသာကောင်းတစ်ယောက်
- ပြည်ထွန်းရွှေ၏ မြန်မာလများနှင့် စပ်လျဥ်း၍

## မေတ္တာအခါတော်နေ့

\- ဗုဒ္ဓအရှင် သက်ရှိထင်ရှား
ရှိစဉ်ကြားက ငါးရာရဟန်း
ကမ္မဋ္ဌာန်းကို စီးဖြန်းနာယူ
ပြီးခဲ့မူသော် စင်ဖြူသောစိတ်
တောတောင်ရိပ်ခို အေးချမ်းလိုလျက်
ဝါဆိုနေကြ အချိန်မှာ
အဖျက်အမှောင့် ဝင်ရောက်လာ။

\- ရန့်ပုပ်သိုး အသံဆိုးနှင့်
အမျိုးမျိုးလုပ် သီလယုတ်စေ
တောအုပ်အတွင်း နေထိုင်ခြင်းကို
ရှောင်ကွင်းဖယ်ရှား မလိုလား၍
နတ်များနှောင့်ယှက် မှောင့်အဖျက်ကြောင့်
တက်နောက်ပြန်လှည့် မနေသာ
ရဟန်းငါးရာ ပြန်၍လာ။

\- ကျိုးကြောင်းပုံထား
တရားရှင်ထံ ခွင့်မချန်ဘဲ
ဝန်ခံလျှောက်ထား ဦးညွတ်တွားလျှင်
မြွက်ကြားဖော်ရာ ဒေသနာတည့်
မေတ္တာသုတ္တံ အခြေခံ
ပွားများရွတ်ဖတ် ကြစေရန်။

\- ရဟန်းငါးရာ ဒေသနာကို
မြတ်စွာဗုဒ္ဓ ဟောညွှန်ပြသို့
စေ့ငှမပြတ် ရွတ်ဆိုလတ်သော်
နတ်များချစ်ခင် အမုန်းစင်လျက်
ရှုမြင်တရား နိဗ္ဗာန်လားအောင်
ပွားများအားထုတ် နိုင်တော့သည်
မေတ္တာသုတ်တည် စွမ်းဂုဏ်ရည်။

\- ထိုမှတစ်ဝ ယနေ့ကျအောင်
စွမ်းလှမေတ္တာ ဂုဏ်ပမာကြောင့်
ဝါခေါင်လပြည့် ရောက်ဘိနေ့ကို
ချမ်းမြေ့လေတတ် တံဆိပ်ခတ်ခဲ့
ထွတ်မြတ်ပါပေ့ မေတ္တာမွေ့
ဝါခေါင်လပြည့် နေ့တစ်နေ့
"မေတ္တာအခါတော်နေ့" ။ ။

**ကိုမျိုး(ပွင့်ဦး)**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# စီအိုင်အေညွှန်ကြားရေးမှူးနှင့် ရုရှားထောက်လှမ်းရေး အကြီးအကဲများ တွေ့ဆုံဆွေးနွေးခဲ့



**မော်စကို ဩဂုတ် ၂၇**

အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ) ညွှန်ကြားရေးမှူး ဂျွန်ရက်ကလစ်ဖ်သည် မော်စကိုခရီးစဉ်အတွင်း ရုရှားထောက်လှမ်းရေး အဖွဲ့အစည်း အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ်၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မော်စကိုခရီးစဉ်အတွင်း စီအိုင်အေ ညွှန်ကြားရေးမှူး ဂျွန်ရက်ကလစ်ဖ်သည် ရုရှားထောက်လှမ်းရေး အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် မော်စကိုခရီးစဉ်အတွင်း စီအိုင်အေညွှန်ကြားရေးမှူး ဂျွန်ရက်ကလစ်ဖ်သည် ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခဲ့ခြင်း မရှိကြောင်း ဒီမီထရီပက်စကော့ဗ်၏ အဆိုအရသိရသည်။

စီအိုင်အေ ညွှန်ကြားရေးမှူးနှင့် ရုရှား ထောက်လှမ်းရေးအဖွဲ့အစည်း အကြီးအကဲများကြားဆွေးနွေးပွဲမှ ပေါ်ထွက်လာသည့် ရလဒ်များကို သမ္မတပူတင်ထံ အသိပေးတင်ပြထားသည်ဟု ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# ပိုမိုတင်းကျပ်သော ကြားနေဝါဒကျင့်သုံးရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲ လာမည့်စက်တင်ဘာလတွင် ဆွစ်ဇာလန်ကျင်းပမည်



**ဂျီနီဗာ ဩဂုတ် ၂၇**

ပိုမိုတင်းကျပ်သည့် ကြားနေဝါဒပုံစံသစ်တစ်မျိုး ကျင့်သုံးရန် သင့်၊ မသင့်နှင့်ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံက လာမည့် စက်တင်ဘာလအတွင်း လူထုဆန္ဒခံယူပွဲ ကျင်းပမည်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကြားနေဝါဒပုံစံသစ်တွင် ဆွစ်ဇာလန်နိုင်ငံအနေဖြင့် စီးပွားရေး အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခွင့်၊ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိတ်ပင်ထားသည်။

ဆွစ်ဇာလန်နိုင်ငံ၏ အဆိုပါ ကြားနေဝါဒပုံစံသစ်ကို ရုရှားအစိုးရက အားပေးထောက်ခံထားသော်လည်း ထိုကြားနေဝါဒပုံစံသစ်ကြောင့် ဆွစ်ဇာလန်နှင့် အိမ်နီးချင်း ဥရောပနိုင်ငံများကြား ကင်းကွာလာနိုင်မည့်အရေး စိုးရိမ်မှုများလည်း ပေါ်ထွက်လာခဲ့သည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ အဆိုပါကြားနေဝါဒ ပုံစံသစ်ကို ဆွစ်ဇာလန်မဲဆန္ဒရှင် ပြည်သူများက ငြင်းပယ်နိုင်ဖွယ်ရှိသည်။

ဆွစ်ဇာလန်နိုင်ငံ၏ ကြားနေဝါဒကို ၁၈၁၅ ခုနှစ်ကပင် နိုင်ငံတကာက အသိအမှတ်ပြုခဲ့ပြီး ၁၈၄၈ ခုနှစ်တွင် ဆွစ်ဇာလန် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းချက်တစ်ရပ်အဖြစ် ပါဝင်ခဲ့သည်။

အဆိုပါကြားနေဝါဒအရ ဆွစ်ဇာလန်နိုင်ငံသည် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ် နှစ်ခုလုံးတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်းသိရသည်။

လက်ယာယိမ်း ဆွစ်နိုင်ငံရေးပါတီတစ်ခုဖြစ်သော ဆွစ်ပြည်သူ့ပါတီက အဆိုပြုထားသည့် ပိုမိုတင်းကျပ်သောကြားနေဝါဒပုံစံသစ် အတည်ပြုရေးဆိုင်ရာ လူထုဆန္ဒခံယူပွဲကိုလာမည့်စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တောင်ကိုရီးယားသို့ လက်နက်များရောင်းချမည့် အမေရိကန်အစိုးရ၏ဆုံးဖြတ်ချက်ကို မြောက်ကိုရီးယား ဝေဖန်ပြောကြား

**ပြုံယမ်း ဩဂုတ် ၂၇**

တောင်ကိုရီးယား နိုင်ငံသို့ ဒုံးကျည်များနှင့် ဆက်စပ်ပစ္စည်းများရောင်းချမည့် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် ဝေဖန်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

တောင်ကိုရီးယား နိုင်ငံသို့ ဒုံးကျည်များနှင့် ဆက်စပ်ပစ္စည်းများရောင်းချမည့် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်သည် မြောက်ကိုရီးယား နိုင်ငံအပေါ် ရန်လိုနေမှုကို ပွင့်ပွင့်လင်းလင်း ပြသနေကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

တောင်ကိုရီးယား နိုင်ငံသို့ အေအိုင်အမ်-၉အိတ်စ် ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်စနစ်များနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချရန် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက သဘောတူခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံ၏ တုံ့ပြန်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံအနေဖြင့် အမေရိကန်အစိုးရ၏ ရန်လိုရာရောက်သော သဘောထားမှုကို ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် အစိုးရသည် လက်ရှိတွင် မြောက်ကိုရီးယားနှင့် ထိတွေ့ဆက်ဆံရေးအတွက် ကြိုးပမ်းလျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် မိမိအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် မျှော်လင့်ထားသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုလအစောပိုင်းတွင် ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အသက် ၁၆နှစ်အောက် လူမှုမီဒီယာသုံးစွဲခွင့်ပိတ်ပင်မှု ဥပဒေကြမ်းကို ဆလိုဗက်ကီးယားအစိုးရအတည်ပြု

**ဘရက်တစ်စ်လာဗာ ဩဂုတ် ၂၇**

အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲခွင့်ကို ပိတ်ပင်ထားသည့်ဥပဒေကြမ်းကို ဆလိုဗက်ကီးယားအစိုးရက ဩဂုတ် ၂၆ ရက်တွင် အတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဥပဒေကြမ်းသည် စွဲလမ်းစေတတ်သော အပြုအမူများ၊ လူမှုဖိအားများ၊ အစွန်းရောက်ဝါဒ ပုံသွင်းခံရမှုများမှ ကလေးများကို အကာအကွယ် ပေးနိုင်မည်ဖြစ်ကြောင်း ဆလိုဗက်ကီးယားအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

အကြမ်းဖက်ဝါဒ၊ အစွန်းရောက်ဝါဒ၊ အပြုအမူဆိုးများကို ဖြန့်ဝေရာတွင် လူမှုမီဒီယာများ၏ပါဝင်မှု အခန်းကဏ္ဍကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါဥပဒေကြမ်းကို အတည်ပြုထားခြင်းဖြစ်ကြောင်း ဆလိုဗက်ကီးယားအစိုးရ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆလိုဗက်ကီးယား အစိုးရ၏ အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုဥပဒေကြမ်းတွင် လူမှုမီဒီယာအကောင့်ပိုင်ရှင်များ၏အသက်အရွယ်များကို ခွဲခြားသတ်မှတ်ရန် လူမှုမီဒီယာ ကုမ္ပဏီများကို တောင်းဆိုထားသည်။

ဆလိုဗက်ကီးယားနိုင်ငံ ကဲ့သို့ အခြားဥရောပနိုင်ငံ အများအပြားသည်လည်း အသက် ၁၆နှစ်အောက်ကလေးများ လူမှုမီဒီယာ သုံးစွဲမှုကိုပိတ်ပင်ရန် စဉ်းစားလျက်ရှိသည်။

ကမ္ဘာပေါ်တွင် အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာ သုံးစွဲမှုကိုဥပဒေဖြင့် ပိတ်ပင်ခဲ့သော ကမ္ဘာ့ပထမဆုံးနိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟော်မုဇ်ရေလက်ကြားကိုဖြတ်သန်းသည့် သင်္ဘောအရေအတွက် အနည်းငယ်ပြန်လည်မြင့်တက်



**တီဟီရန် ဩဂုတ် ၂၇**

အမေရိကန်နှင့် အီရန်နိုင်ငံတို့ ကြားစစ်ရေးပဋိပက္ခ ပြီးဆုံးရေး ဆွေးနွေးပွဲများ ရပ်တန့်နေသည့်တိုင် ဟော်မုဇ်ရေလက်ကြားဒေသ၌ ရေကြောင်းသွားလာမှုများ အနည်းငယ်မြင့်တက်လာကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာ့ရေနံဈေးကွက်များကလည်း အီရန်နှင့် အိုမန်တို့၏ ဟော်မုဇ်ရေလက်ကြားစီမံခန့်ခွဲရေးဆိုင်ရာဆွေးနွေးပွဲများကိုစောင့်ကြည့်နေကြကြောင်း သိရသည်။

ရေကြောင်းခရီးစဉ်စောင့်ကြည့်ရေးဝက်ဘ်ဆိုက်များ၏ အဆိုအရ ဩဂုတ် ၂၆ ရက်တွင် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခဲ့သော သင်္ဘောအရေအတွက်မှာ အနည်းငယ်မြင့်တက်လာပြီး ၁၇စီးထိရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဩဂုတ် ၂၆ ရက်၌ ဖြတ်သန်းခဲ့သော သင်္ဘောအရေအတွက်မှာ ပြီးခဲ့သည့် ၁၀ ရက်အတွင်း ဖြတ်သန်းနိုင်ခဲ့သော ပျမ်းမျှသင်္ဘောအစီးရေထက် ပိုမိုနည်းပါးနေကြောင်း ရေကြောင်းခရီးစဉ်စောင့်ကြည့်ရေး သတင်းဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသည်။

လက်ရှိတွင် အီရန်နှင့် အိုမန်နိုင်ငံတို့သည် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ စီမံခန့်ခွဲရေး သဘောတူညီချက်တစ်ရပ် ရယူရေးအတွက် ဆွေးနွေးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# လောင်းမတ်ချ်- ၆ စီ ဒုံးပျံဖြင့် ဂြိုဟ်တုခုနစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်



**ပေကျင်း ဩဂုတ် ၂၇**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဩဂုတ် ၂၅ ရက်က လောင်းမတ်ချ်-၆ စီ ဒုံးပျံဖြင့် ဂြိုဟ်တုခုနစ်စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဂြိုဟ်တုခုနစ်စင်းကို သယ်ဆောင်ထားသော လောင်းမတ်ချ်- ၆ စီ ဒုံးပျံကို တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ စီ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုခုနစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လောင်းမတ်ချ်- ၆ စီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော ဂြိုဟ်တုခုနစ်စင်းထဲတွင် ထိုင်းနိုင်ငံအတွက် တရုတ်အခြေစိုက် ဂလက်ဆီစပေ့ ကုမ္ပဏီက တည်ဆောက်ပေးထားသည့် ကမ္ဘာ့ဂြိုဟ်လေ့လာရေးကျူဆက်ဂြိုဟ်တုတစ်စင်းလည်း ပါဝင်ကြောင်း သိရသည်။

လောင်းမတ်ချ်-၆ စီ ဒုံးပျံများသည် အလေးချိန် ၂ ဒသမ ၄ တန်ရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၅၀၀ အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်သည်။

ဩဂုတ် ၂၅ ရက် လောင်းမတ်ချ်- ၆ စီ ဒုံးပျံမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၆၅ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# အာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ဆက်သွယ်ရေးအင်တင်နာစနစ်သစ်ကို အစားထိုးလဲလှယ်တပ်ဆင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး အန်နီးမီနွန်နှင့် ဥရောပ အာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီနေ့တို့သည် ဩဂုတ် ၂၅ ရက်က နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ဆက်သွယ်ရေး အင်တင်နာစနစ်သစ်ကို အစားထိုးလဲလှယ် တပ်ဆင်ခဲ့ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦးသည် ဩဂုတ် ၁၆ ရက်က နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ ချို့ယွင်းပျက်စီးနေသော ဆက်သွယ်ရေးအင်တင်နာစနစ်ကို ဖယ်ရှားနိုင်ခဲ့သော်လည်း အချိန်မလုံလောက်မှုကြောင့် အင်တင်နာစနစ်သစ်ကို အစားထိုး တပ်ဆင်နိုင်မှု မရှိခဲ့ပေ။

သို့ရာတွင် ဩဂုတ် ၂၅ ရက်တွင် အန်နီးမီနွန်နှင့် ဆိုဖီအဒီနေ့တို့သည် နိုင်ငံတကာအာကာသစခန်း၏ ဆက်သွယ်ရေး အင်တင်နာစနစ်သစ်ကို အောင်မြင်စွာ တပ်ဆင်ပေးနိုင်ခဲ့သည်။



ဩဂုတ် ၂၅ ရက် နိုင်ငံတကာ အာကာသစခန်းပြင်ပ ထွက်ခွာမှုသည် နာဆာအာကာသယာဉ်မှူး အန်နီးမီနွန်အတွက် သုံးကြိမ်မြောက်ဖြစ်ပြီး ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီနေ့အတွက် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူးနှစ်ဦး၏ ဩဂုတ် ၂၅ ရက် အာကာသစခန်း ပြင်ပထွက်ခွာမှုသည် အချိန်ကာလအားဖြင့် ၆ ဒသမ ၅ နာရီ ကြာမြင့်ခဲ့သည်။

အဆိုပါ မစ်ရှင်သည် နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများက ယခုနှစ်အတွင်းပြုလုပ်ခဲ့သော ဆဋ္ဌမမြောက် အာကာသစခန်း ပြင်ပထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် စပေ့အိတ်ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၉ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဩဂုတ် ၂၆ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်တွင် အသုံးပြုခဲ့သော ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ ရေယာဉ်ပေါ်သို့ ၃၇ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ရာ အကြိမ်ရေအများဆုံး ပြန်လည် ဆင်းသက်နိုင်ခဲ့သော ဖယ်လ်ကွန်-၉ ပင်မဒုံးယာဉ်အဖြစ် စံချိန်တင်ခဲ့သည်။

ဩဂုတ် ၂၆ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အထက်ပါ မစ်ရှင်အောင်မြင်ခဲ့မှုကြောင့် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တွင် ဂြိုဟ်တုစင်းရေ ၁၁၀၀၀ ကျော်ထိရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# သကြားပါသည့် သရေစာအစားများသော ကလေးများ၌ အသက်ရလာချိန်တွင် ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**လန်ဒန် ဩဂုတ် ၂၇**

သကြားပါသည့် သရေစာအစားများသော ကလေးများ၌ အသက်ရလာချိန်တွင် ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် သကြားကို ရာရှင်ခွဲတမ်းစနစ်ဖြင့် သုံးစွဲခဲ့ရသည့် စစ်ကာလအတွင်း မွေးဖွားခဲ့သော ကလေးများ၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ သကြားကို ခွဲတမ်းစနစ်ဖြင့် သုံးစွဲခဲ့သည့် ခေတ်အတွင်း မွေးဖွားလာသည့် ကလေးများသည် သကြားခွဲတမ်းချမှု ပြန်လည်ရုပ်သိမ်းပြီးနောက်ပိုင်း မွေးဖွားလာသည့် ကလေးများနှင့် နှိုင်းယှဉ်ပါက အသက်ရလာချိန်တွင် အသည်းကင်ဆာရောဂါဖြစ်နိုင်ခြေ ၆၉ ရာခိုင်နှုန်း ပိုနည်းပါးသည်ကိုတွေ့ရကြောင်း သိရသည်။

ထို့ပြင် သကြားကို ခွဲတမ်းစနစ်ဖြင့် စားသုံးခဲ့ကြရသည့် ခေတ်အတွင်း မွေးဖွားလာသည့် ကလေးများတွင် ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အူမကြီးကင်ဆာနှင့် အဆုတ်ကင်ဆာဖြစ်နိုင်ခြေများလည်း ပိုနည်းပါးကြောင်း သိရသည်။

သကြားခွဲတမ်းစနစ်ဖြင့် စားသုံးခဲ့ရသော ခေတ်အတွင်း မွေးဖွားလာသည့် ဗြိတိန်နိုင်ငံသားများသည် တစ်ရက်လျှင် သကြားကို ၄၁ ဂရမ်သာ စားသုံးခဲ့ကြသော်လည်း သကြားခွဲတမ်းစနစ် ရုပ်သိမ်းပြီးချိန်တွင် သကြားစားသုံးမှုပမာဏမှာ ဂရမ် ၈၀ ထိ မြင့်မားလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# တလည်းသီးနှင့် သစ်ကြားသီးများ စားသုံးမှုက နှလုံးကြွက်သားများ ထိခိုက်ပျက်စီးမှုကို ကုစားပေးနိုင်

**လန်ဒန် ဩဂုတ် ၂၇**

တလည်းသီးနှင့် သစ်ကြားသီးများ စားသုံးမှုသည် နှလုံးကြွက်သားများ ထိခိုက်ပျက်စီးမှုကို ကုစားပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ တလည်းသီးနှင့် သစ်ကြားသီးများစားသုံးခြင်းဖြင့် လူ့ကိုယ်ခန္ဓာ၌ Urolithin A ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များသည် ကြွက်များကို Urolithin A ဓာတုဒြပ်ပေါင်းများတိုက်ကျွေးခဲ့ရာ အဆိုပါ ကြွက်များ၏ နှလုံးစွမ်းဆောင်ရည်မှာ ပိုမိုအားကောင်းလာသည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် Urolithin A ဓာတုဒြပ်ပေါင်းသည် နှလုံးကြွက်သားများ ဖြေလျှော့ပေးပြီး နှလုံးကြွက်သားများ အမာရွတ်ထင်မှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သုတသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ Urolithin A ဓာတုဒြပ်ပေါင်းသည် နှလုံးခုန် ရုတ်တရက်ရပ်တန့်မှု ပြဿနာအတွက် ကုထုံးတစ်မျိုး ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးခုန်ရပ်တန့်ခဲ့ဖူးသည့် လူနာများအနေဖြင့် Urolithin A ဓာတုဒြပ်ပေါင်း ကြွယ်ဝသည့် ခတ်စာများကို စားသုံးခြင်းဖြင့် ကျန်းမာရေး အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# အာရှအားကစားပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း ကစားသမားအစုံအလင်ဖြင့် စတင်လေ့ကျင့်မှုများလုပ်ဆောင်

ရန်ကုန် ဩဂုတ် ၂၇

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်းသည် ပဏာမကစားသမားအစုအလင်ဖြင့် စခန်းသွင်းလေ့ကျင့်မှုများကို ရန်ကုန်မြို့တွင် ယနေ့မှ စတင်ပြီး လုပ်ဆောင်နေကြောင်း သိရသည်။



မြန်မာအမျိုးသမီးအသင်းသည် နည်းပြသစ်အဖြစ် အင်္ဂလန်လူမျိုး နည်းပြကောလင်းကို ပြီးခဲ့သည့်ရက်ပိုင်းက ခန့်အပ်ခဲ့ပြီးနောက် ပဏာမကစားသမား ၃၃ ဦးရွေးချယ်ခဲ့သော်လည်း ပဏာမရွေးချယ်ခံထားရသည့် အဓိကကစားသမားအများစုသည် ယခုလအတွင်း ၎င်းတို့၏ကလပ်အသင်းဖြစ်သည့် ဧရာဝတီ အမျိုးသမီးအသင်းနှင့်အတူ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲခြေစစ်ပွဲကြောင့် မြန်မာအမျိုးသမီးအသင်းနှင့် ပူးပေါင်းနိုင်ခြင်းမရှိခဲ့ကြောင်းသိရသည်။

ယခုအခါ ခြေစစ်ပွဲအဆင့် အုပ်စုပွဲစဉ်များအားလုံး ပြီးဆုံးခဲ့သည့်အတွက်ပဏာမကစားသမားစာရင်းတွင်ပါဝင်နေသည့်ဧရာဝတီအသင်းမှ ကစားသမားများက မြန်မာအမျိုးသမီး အသင်းနှင့် ပူးပေါင်းခဲ့ပြီးနောက် ပဏာမကစားသမားစာရင်းတွင် ပါဝင်သည့် ကစားသမား ၃၃ ဦးလုံးဖြင့် ယနေ့တွင် လေ့ကျင့်မှုများ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အုပ်စု(F)၌ အာရှ ထိပ်တန်းအသင်းကြီးများဖြစ်သည့်တောင်ကိုရီးယားအသင်း၊ မြောက်ကိုရီးယား အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်နေပြီး ပြိုင်ပွဲကို လာမည့် စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ပထမဆုံးအကြိမ်ကျင်းပမည့် ဖီဖာ-အာဆီယံဖလားပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီး မြန်မာအသင်းအုပ်စု(A)တွင်ကျရောက်

ရန်ကုန် ဩဂုတ် ၂၇

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ပထမဆုံးအကြိမ် ကျင်းပမည့်ပြိုင်ပွဲအသစ်ဖြစ်သည့် ဖီဖာ-အာဆီယံဖလားပြိုင်ပွဲတွင် ယနေ့ အုပ်စုမဲခွဲမှုအပြီး မြန်မာအသင်းသည် Challenge အဆင့်၌ အုပ်စု(A)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

ဖီဖာ-အာဆီယံဖလားပြိုင်ပွဲကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အာဆီယံဒေသတွင်းမှ အသင်းများ ဖွံ့ဖြိုးတိုးတက်မှု ရှိလာစေရန် ရည်ရွယ်ပြီး ယခုနှစ်တွင်ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကာ အာဆီယံဒေသတွင်းမှ အသင်းများအပြင် အာရှဒေသတွင်းမှ အသင်းများလည်း ပါဝင်မည် ဖြစ်သည်။

ဖီဖာ-အာဆီယံဖလားပြိုင်ပွဲကို အပိုင်းနှစ်ပိုင်းခွဲခြား ကျင်းပမည်ဖြစ်ပြီး Premier အဆင့်တွင် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မြင့်မားသည့် အသင်းရှစ်သင်းက လေးသင်း နှစ်အုပ်စု၊ Challenge အဆင့်၌ ကမ္ဘာ့အဆင့်နိမ့်သည့် အသင်းခြောက်သင်းက သုံးသင်း နှစ်အုပ်စုဖြင့်ခွဲခြား ကျင်းပမည် ဖြစ်ပြီး Premier အဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် အင်ဒိုနီးရှားနိုင်ငံနှင့် Challenge အဆင့်ပြိုင်ပွဲကို တရုတ်(တိုင်ပေ)က အိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်သည်။

ဖီဖာ-အာဆီယံ ဖလားပြိုင်ပွဲအတွက် မဲခွဲမှုအပြီး Premier အဆင့်အုပ်စု(A)တွင် အင်ဒိုနီးရှား၊ မလေးရှား၊စင်ကာပူ၊ဘင်္ဂလားဒေ့ရှ် အုပ်စု(B)တွင် ဗီယက်နမ်၊ ပါကစ္စတန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ Challenge အဆင့်အုပ်စု(A)တွင် တရုတ် (တိုင်ပေ)၊ မြန်မာ၊ ဘရူနိုင်း၊ အုပ်စု(B) တွင် ကမ္ဘောဒီးယား၊ လာအို၊ တီမောလက်စ်တေ အသင်းတို့ ပါဝင်မည်ဖြစ်သည်။

ယခုနှစ် Challenge အဆင့် ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့်အသင်းသည် လာမည့် ၂၀၂၇ ခုနှစ်တွင် Premier အဆင့် ပြိုင်ပွဲသို့ တန်းတက်ကစားခွင့် ရရှိမည်ဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲများကို လာမည့်စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၅ ရက်ထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

# ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘာပီရပ်တည်

မက်ဒရစ် ဩဂုတ် ၂၇

ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်မှူး အမ်ဘာပီသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ်သွင်းဂိုးရှင်အဖြစ် ရပ်တည်ခဲ့ကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




စပိန်လာလီဂါ ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ် အသင်းက ဆိုစီဒက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အမ်ဘာပီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသခဲ့ကာ ပွဲချိန် မိနစ် ၄၀၊ မိနစ် ၆၀၊ မိနစ် ၈၀ တို့တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုး သွင်းယူခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီအတွက် စပိန်လာလီဂါပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ် သွင်းဂိုးရှင်အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အမ်ဘာပီသည် ဆိုစီဒက် အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ ဟက်ထရစ်ဂိုး ခြောက်ကြိမ် သွင်းယူခဲ့ခြင်း ဖြစ်သည်။

အမ်ဘာပီသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ စပိန်လာလီဂါ ပြိုင်ပွဲတွင် သွင်းဂိုး ၃၁ ဂိုးဖြင့် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးမှရပ်တည်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း ပွဲစဉ်နှစ်ပွဲကစားအပြီး သွင်းဂိုး သုံးဂိုး စတင်သွင်းယူထားကြောင်း သိရသည်။

Ref : 365Scores
Trs : STA

# U.S. Open အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် မန်ဆစ်ခ်နှင့် မူချိုဗာတို့အတွဲ ချန်ပီယံဆုဆွတ်ခူး



နယူးယောက် ဩဂုတ် ၂၇

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် U.S. Open အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ချက်တင်းနစ် ကစားသမား မန်ဆစ်ခ်နှင့် ချက်တင်းနစ်မယ် မူချိုဗာတို့အတွဲက အီတလီတင်းနစ်ကစားသမား ကိုဘိုလီနှင့် ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ်တို့အတွဲကိုအနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

မန်ဆစ်ခ်နှင့် မူချိုဗာတို့အတွဲက ကိုဘိုလီနှင့် ဘန်ဆစ်တို့အတွဲကို (၆-၃၊ ၁-၆၊ ၁၀-၆) ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်နှင့် ဆီမီးဖိုင်နယ်အဆင့်တို့တွင် နာမည်ကြီး ပြိုင်ဘက်အတွဲများကိုအနိုင်ရကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

မူချိုဗာက "ဒီပြိုင်ပွဲရဲ့ ကျင်းပတဲ့စနစ်နဲ့ ကျင်းပတဲ့ပုံစံဟာ ထူးခြားပြီးတော့ နှစ်ရက်အတွင်းအပြီး ကျင်းပတဲ့ ပြိုင်ပွဲတစ်ရပ်လဲ ဖြစ်ပါတယ်။ အဆင့်တိုင်းကလဲ ခက်ခဲပါတယ်။ တွဲဖက်တဲ့အတွဲတွေကလဲ အတွဲညီတယ်။ ခက်ခဲတဲ့ပြိုင်ဘက်အတွဲတွေကို ကျော်ဖြတ်ပြီးတော့ ချန်ပီယံဖြစ်ခွင့်ရခဲ့တာ သိပ်ကို ဂုဏ်ယူ ဝမ်းမြောက်ပါတယ်။ အခုလို ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့တာဟာ ကျွန်မတို့ နှစ်ဦးလုံးအတွက် တစ်ဦးချင်း ကိုယ်စီယှဉ်ပြိုင်မဲ့ ပွဲစဉ်တွေကို အများကြီး အထောက်အပံ့ဖြစ်စေမှာပါ" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL

# PGA ဂေါက်သီးရိုက်အဖွဲ့ချုပ်က မက်ကိုဂျယ်ကို ခြောက်လပွဲပယ် ပြစ်ဒဏ်ချမှတ်

ဝါရှင်တန် ဩဂုတ် ၂၇

PGA ဂေါက်သီးရိုက်အဖွဲ့ချုပ်က အမေရိကန်ထိပ်တန်း ဂေါက်သီးရိုက်ကစားသမား မက်ကိုဂျယ်ကို PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲ၌ လောင်းကစားမှုတွင် ပါဝင်ပတ်သက်ခဲ့သည့်အတွက် ယနေ့တွင် ခြောက်လထိ ကာလရှည်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း Daily Mail Sports သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည့် မက်ကိုဂျယ်သည် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့အတွင်း PGA Tour ဂေါက်သီးရိုက် ပြိုင်ပွဲတို့တွင် လောင်းကစားမှုများ၌ ပါဝင်ပတ်သက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် PGA ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကာလရှည်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မက်ကိုဂျယ်က လောင်းကစားမှုနှင့်ပတ်သက်ပြီး ၎င်းကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့ခြင်းမရှိခဲ့ဘဲ ပြိုင်ပွဲအချို့တွင်သာ အပျော်တမ်း ငွေကြေး အနည်းငယ်ဖြင့်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ရှင်းလင်းခဲ့သော်လည်း PGA ဂေါက်သီးရိုက် အဖွဲ့ချုပ်က စည်းမျဉ်း ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ခြောက်လပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

PGA ဂေါက်သီးရိုက်အဖွဲ့ချုပ်က မက်ကိုဂျယ်၏ ခြောက်လပွဲပယ် ပြစ်ဒဏ်အတွက် ဩဂုတ် ၂၇ ရက်မှ စတင်အကျိုးဝင်မည်ဖြစ်ပြီး လာမည့် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှသာ ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်မည် ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail Sports
Trs : STA

# အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် တောမီးကူးစက်လောင်ကျွမ်းနေသဖြင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းနေရ



**အယ်လ်ဂျီးယားစ် ဩဂုတ် ၂၇**

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်ပိုင်း ဒေသများတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးသည် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများဆီသို့ ကူးစက်လောင်ကျွမ်းနေသဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံ ၁၂ ဦး သေဆုံးခဲ့ကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံများကို ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးထားကြောင်း၊ မီးသတ်တပ်ဖွဲ့က အင်အားသုံးကာ တောမီးထိန်းချုပ်နိုင်ရေးအတွက် မီးသတ် အထောက်အကူပြု မော်တော်ယာဉ်များနှင့် ယန္တရားများကို အသုံးပြုနေကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းဒေသတွေမှာ တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ အခြေခံ အဆောက်အအုံတွေနဲ့ လူနေအိမ်တွေဆီကို ကူးစက်ခဲ့ပြီး ဒေသခံတွေ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၁၂ ယောက်ရှိပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ၅၄ ယောက်ထက်မနည်းရှိပြီး ၅၄ ယောက်အနက် ခြောက်ယောက်ကို အရေးပေါ်အခြေအနေနဲ့ ဘီဂျိုင်အာဆေးရုံမှာ ဆေးကုသနေပါတယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ဩဂုတ်လအတွင်း အပူလှိုင်းဖြတ်သန်းပြီး စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေ

**ဝါရှင်တန် ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ဩဂုတ်လအတွင်း အပူလှိုင်းဖြတ်သန်းပြီး စံချိန်တင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း အမေရိကန်နေရှင်နယ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

အမြင့်ဆုံးမြင့်တက်ခဲ့သော အပူချိန်ပမာဏမှာ ၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပြီး နေ့စဉ်အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဩဂုတ် ၂၆ ရက်တွင် အပူချိန်ပမာဏ ၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့သောကြောင့် ဩဂုတ်လအတွင်း အပူချိန်အမြင့်မားဆုံးသော နေ့တစ်နေ့အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း နေရှင်နယ်မိုးလေဝသ ညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"လက်စ်ဗီးဂတ်မြို့မှာ ဩဂုတ်လအတွင်း အပူလှိုင်းဖြတ်သန်းမှုတွေကြောင့် အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ အမြင့်ဆုံး အပူချိန် မြင့်တက်မှုအနေဖြင့် ဩဂုတ် ၂၆ ရက်က မြင့်တက်ခဲ့ပြီး အပူချိန်ပမာဏမှာ ၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် ဩဂုတ်လရဲ့ အပူချိန်က ယခင်စံချိန်ဟောင်းကို ကျော်လွန်သွားပြီး စံချိန်သစ်တင်သွားခဲ့ပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်စေနိုင်လို့လဲ ကျန်းမာရေးဆိုင်ရာ သတိပေးချက်တွေထုတ်ပြန်ခဲ့ရပါတယ်"ဟု အမေရိကန်နေရှင်နယ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# နီပေါနိုင်ငံတွင် ရုတ်တရက်ရေကြီးမှုကြောင့် သေဆုံးသူဦးရေ ၁၆၀ ကျော်ရှိလာပြီး ပျောက်ဆုံးနေသူများရှိသဖြင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရှိ

**ခတ္တမန္ဒူ ဩဂုတ် ၂၇**

နီပေါနိုင်ငံတွင် ရုတ်တရက်ရေကြီးမှုကြောင့် သေဆုံးသူဦးရေ ၁၆၀ ကျော်ရှိလာပြီး ပျောက်ဆုံးနေသူများရှိသဖြင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း အာဏာပိုင်များက ယနေ့တွင်ပြောကြားခဲ့သည်။

နီပေါနှင့် တရုတ်နိုင်ငံနယ်စပ်တွင် ရေကြီးမှုဖြစ်ပွားကာ ရွှံ့နွံများနှင့် ကျောက်တုံးများ ပြိုကျပြီး သေဆုံးသူဦးရေ ၁၆၀ ကျော် ရှိခဲ့ကြောင်း၊ ပျောက်ဆုံးနေသူ ရာနှင့်ချီရှိသဖြင့် ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

နီပေါနိုင်ငံရှိ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ယနေ့တွင်လည်း ရဟတ်ယာဉ်များအသုံးပြု၍ ရေဘေးကျရောက်ခဲ့သည့် ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ လက်ရှိကောက်ယူထားသော စာရင်းများအရ ပျောက်ဆုံးနေသူ ၅၇၉ ဦးရှိပြီး ထိုပျောက်ဆုံးနေသူများအနက် နိုင်ငံခြားသား ဦးရေ ၄၀၀ ကျော် ပါဝင်ကြောင်း နီပေါခရီးသွားလုပ်ငန်းမှ အရာရှိများက ပြောကြားခဲ့သည်။



ကယ်ဆယ်ရေးအဖွဲ့များသည် ရဟတ်ယာဉ်များဖြင့် အစားအစာ၊ ရေ၊ ဆေးဝါးနှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးနေကြောင်း၊ ရေဘေးသင့်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားထောက်ပံ့မှုများထိခိုက်နေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိနေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# တူနီးရှားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေသဖြင့် အပူလှိုင်းအမြင့်ဆုံး သတိပေးချက်ထုတ်ပြန်ထား

**တူးနစ် ဩဂုတ် ၂၇**

တူနီးရှားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေသဖြင့် အပူလှိုင်းအမြင့်ဆုံးသတိပေးချက်ထုတ်ပြန်ထားကြောင်း အမျိုးသားမိုးလေဝသဌာန (INM)၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

တူနီးရှားနိုင်ငံ အမျိုးသားမိုးလေဝသဌာန (INM)သည် နိုင်ငံ၏အနောက်ဘက်ပိုင်းရှိ ပြည်နယ်များတွင် လေပူများတိုက်ခတ်မှုကြောင့် ယနေ့နှင့် ဩဂုတ် ၂၈ ရက်တို့အတွက် အမြင့်ဆုံးအဆင့် ရာသီဥတုသတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

INM ၏ ရာသီဥတုသတိပေးချက်မြေပုံအရ မွန်းလွဲပိုင်းတွင် ဒေသတချို့၌ မိုးကြိုးမုန်တိုင်းများနှင့် မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်သော်လည်း အပူချိန်များမှာ အလွန်မြင့်မား နေဦးမည်ဖြစ်ကြောင်း သိရသည်။

အပူချိန်များ အလွန်မြင့်မားနေဦးမည် ဖြစ်သောကြောင့် ကျန်းမာရေးသတိရှိစွာ နေထိုင်ရန် လိုကြောင်း၊ အပူဒဏ်ကို ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါ အခံရှိသူများတွင် ပိုမိုခံစားရနိုင်ကြောင်း INM က သတိပေးထားသည်။

အပူချိန်ပြင်းထန်ချိန်တွင် တစ်နေ့လုံးရေကိုပုံမှန်သောက်သုံးရန်၊ နေ့လယ်မှ ညနေ ၄ နာရီအတွင်း မလိုအပ်ဘဲ ပြင်ပထွက်ခြင်းများကို ရှောင်ကြဉ်ရန်၊ အပြင်ထွက်ပါက နေရောင်ခြည်တိုက်ရိုက်မထိစေရန် အကာအကွယ်များ ဝတ်ဆင်ရန်နှင့် ပြင်းထန်သော ကိုယ်လက် လှုပ်ရှားမှုများကို လျှော့ချရန် အာဏာပိုင်များက ဒေသခံများကို အကြံပြုထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# တောင်ကိုရီးယားနိုင်ငံ ကိုရီးယားကျွန်းဆွယ် ရေဧရိယာများတွင် ရေအောက်အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်

**ဆိုးလ် ဩဂုတ် ၂၇**

တောင်ကိုရီးယားနိုင်ငံ ကိုရီးယားကျွန်းဆွယ်ရှိ ရေဧရိယာများတွင် ရေအောက်အပူလှိုင်း ဖြတ်သန်းပြီး အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း ကိုရီးယား မိုးလေဝသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း(KMA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေအောက်အပူလှိုင်းဖြတ်သန်းမှုကြောင့် ကိုရီးယားကျွန်းဆွယ်ရှိ ရေဧရိယာများတွင် ဂေဟစနစ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေအောက်အပူလှိုင်းဖြတ်သန်းမှုကြောင့် ရေအောက်တွင် အပူချိန်မြင့်တက်ကာ အောက်ဆီဂျင် လျော့နည်းလာပြီး ရေအောက် သတ္တဝါများအတွက် အန္တရာယ်ရှိသည့် အခြေအနေဖြစ်ကြောင်း ကိုရီးယားမိုးလေဝသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (KMA)က ထုတ်ပြန်ခဲ့သည်။

"ကိုရီးယားကျွန်းဆွယ်မှာရှိတဲ့ ရေဧရိယာတွေမှာ ရေအောက်အပူလှိုင်းဖြတ်သန်းမှုနှုန်းဟာ ပုံမှန်ထက် မြင့်တက်ခဲ့ပါတယ်။ အပူလှိုင်းဖြတ်သန်းမှု အကြိမ်ရေ မြင့်မားလာခဲ့သလို အပူချိန်ပမာဏကလဲ မြင့်တက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အတွင်း ရေအောက်အပူချိန်ဟာ ၁၈ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပါတယ်။ ဒီပမာဏဟာ ၁၉၉၁ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်း မြင့်တက်ခဲ့တဲ့ အပူချိန်ပမာဏထက် သုည ဒသမ ၇ ဒီဂရီစင်တီဂရိတ် ပိုမြင့်တက်ခဲ့ပါတယ်"ဟု ကိုရီးယား မိုးလေဝသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (KMA) မှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တောင်သူစီးပွားတိုးတက်ရေးနှင့် စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံနေကြာစိုက်ပျိုးပေး

ရွှေသဇင်လင်း(စိုက်ပျိုးရေး)

နေကြာသီးနှံသည် မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် တတိယအများဆုံးစိုက်ပျိုးသောသီးနှံဖြစ်သည်။ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပန်းနှမ်းသည် အဓိကစိုက်ပျိုးသော ဆီထွက်သီးနှံများဖြစ်သည်။ အဆိုပါဆီထွက်သီးနှံများအနက် မြေပဲဆီနှင့် နေကြာဆီသည် ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးအတွက်လည်း အရေးကြီးသည်။ တောင်သူဦးကြီးများအနေဖြင့် မိုးစပါးအပြီး ဒုတိယသီးနှံအဖြစ် နေကြာကိုစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်သေချာပြီး ဝင်ငွေတိုးနိုင်သည့်အတွက် စီးပွားရေးတိုးတက်လာနိုင်သည်။

**နေကြာစိုက်ချိန်**

မိုးစပါးအပြီး နေကြာစိုက်ပျိုးလျှင် အစိုဓာတ်မခြောက်ခင်စိုက်ပျိုးရမည်။ ရာသီမီအောင် စိုက်ပျိုးနိုင်ရန် မိုးစပါးကို အောက်တိုဘာလတွင် အပြီးသတ်ရိတ်သိမ်းပြီး နေကြာကို စိုက်ချိန်နောက်မကျစေရန် နိုဝင်ဘာလအတွင်း နောက်ဆုံးထားစိုက်ပျိုးရမည်။ အစိုဓာတ်မခြောက်ခင် အချိန်မီစိုက်ပျိုးနိုင်မှသာ နေကြာမျိုးစေ့များသည် အစိုဓာတ်ရရှိပြီး မျိုးစေ့အပင်ပေါက်မှုအားကောင်းကာ အပင်ဖြစ်ထွန်းနိုင်မည်။ ထို့ကြောင့် မိုးစပါး၏ သက်တမ်းနှင့်ရိတ်ချိန်၊ နေကြာမျိုးစုဆောင်းရရှိထားမှုနှင့် စိုက်ပျိုးချိန်တို့ကို အချိတ်အဆက်မိရန် ချိန်ညှိစိုက်ပျိုးရမည်။

**နေကြာမျိုး**

နေကြာမျိုးစေ့ဝယ်ယူရာတွင် မျိုးသန့်ခြံများမှလာသော မျိုးကောင်းမျိုးသန့်များ၊ တရားဝင်မှတ်ပုံတင်ရောင်းချသော မျိုးစေ့ရောင်းချသူများနှင့် စိတ်ချရသောမျိုးစေ့ထုတ်တောင်သူများမှထုတ်လုပ်သည့် မျိုးကောင်းမျိုးသန့်များကို ဝယ်ယူစိုက်ပျိုးရမည်ဖြစ်သည်။ မျိုးစေ့များကိုမစိုက်ပျိုးမီ အပင်ပေါက်ရာခိုင်နှုန်းစမ်းသပ်ပြီးမှစိုက်ပျိုးသင့်သည်။ မျိုးစေ့တွင်ပါဝင်တတ်သောမှိုရောဂါများနှင့် မျိုးစေ့ဆောင်ရောဂါများမှ ကာကွယ်ရန်မျိုးစေ့များကို ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အပင်ဟော်မုန်းဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးရမည်။ နေကြာစိုက်ပျိုးရာတွင် တစ်ဧကအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့ လေးပြည်အသုံးပြု၍ ရေဆင်းစပ်မျိုး-၁ ကိုသုံးလျှင် တစ်ဧကသုံးပြည်နှုန်းအသုံးပြုရပေမည်။

**မြေပြုပြင်ခြင်း**

မိုးစပါးမစိုက်ပျိုးမီကတည်းက မြေဆီလွှာကို မြေချဉ်ငန်ဓာတ်တိုင်းတာခြင်း၊ မြေနမူနာယူပြီး ဓာတ်ခွဲစမ်းသပ်ခြင်းများပြုလုပ်သင့်သည်။ မြေဆီလွှာ၏ အာဟာရဓာတ်လိုအပ်မှု အမျိုးအစားနှင့် ပမာဏတို့ကို စမ်းသပ်သင့်သည်။ အောက်မြန်မာပြည်တွင် မိုးများသည့်အတွက် ပုံမှန်အားဖြင့် မြေချဉ်နိုင်သောကြောင့် သဘာဝမြေဩဇာနှင့်ထုံးများကို ထည့်ပေးသင့်ပါသည်။ သဘာဝမြေဩဇာနှင့် သဘာဝမြေဩဇာ(EM ဘိုကာရှိ)ထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာကိုကောင်းမွန်စေပြီး ဓာတ်မြေဩဇာကို လျှော့ပြီး သုံးစွဲနိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာနိုင်သည်။

မြေဆီလွှာတွင် အစိုဓာတ်ကို ကောင်းစွာထိန်းသိမ်းနိုင်ပြီး အပင်ပေါက်ညီညာသန်စွမ်းနိုင်စေရန် မြေကို ထွန်ရေးညက်ညက် ထယ်ရေးနက်နက်ဖြင့် မြေမျက်နှာပြင်ညီညာအောင် ပြုပြင်ပေးရမည်။ မြေပြင်ချိန်တွင် တစ်ဧကလျှင် ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်၊ ပိုတက်ရှ် ၅၆ ပေါင်နှင့် နွားချေးနှင့် သဘာဝမြေဩဇာလည်း ငါးစီးမှ ၁၀ စီးနှုန်းထိ ထည့်သွင်းပေးရမည်။ အဖူးစတင်ချိန်တွင် ယူရီးယားမြေဩဇာ ၅၆ ပေါင်ထည့်၍ အပင်များယိုင်လဲမှုမရှိစေရန် ပေါင်တင်ပေးရမည်။

**စိုက်ပျိုးနည်းစနစ်**

နေကြာစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်စေရန် တစ်ဧကသတ်မှတ်အပင်ဦးရေပြည့်မီအောင် စိုက်ပျိုးရမည်။ တစ်ဧကတွင် အပင်ဦးရေ ၂၉၀၀၀ ဝင်ဆံ့နိုင်စေရန် တန်းကြား နှစ်ပေနှင့် ပင်ကြား ကိုးလက်မဖြင့် တစ်ကျင်းလျှင် မျိုးစေ့ နှစ်စေ့နှုန်း စိုက်ပျိုးရမည်။ နေကြာစေ့ကို မြေတွင်းအနက် တစ်လက်မခွဲမှ နှစ်လက်မထိ စိုက်ပျိုးနိုင်သည်။



စိုက်ပျိုးပြီး အပင်သက်တမ်း ၁၅ ရက်ရောက်ချိန်၊ အရွက်လေးရွက်မှ ခြောက်ရွက်ရှိချိန် စိုက်ကျင်းတစ်ကျင်းတွင် အပင်တစ်ပင်ချန်ပြီး သားခွဲပေးရမည်။ သို့မှသာ နေကြာပင်သည် ကျန်းမာသန်စွမ်းပြီး အပွင့်အားကောင်းကာ အစေ့အဆန်ပြည့်နိုင်မည်။

**ရေသွင်းပေးခြင်း**

နေကြာပင်များသည် အဖူး ၇၅ ရာခိုင်နှုန်းဝင်ချိန်နှင့် ပန်း ၇၅ ရာခိုင်နှုန်းပွင့်ချိန်တို့တွင် အစိုဓာတ်အပြည့်အဝရရှိရန် ရေလိုအပ်သည်။ ရက်အားဖြင့် စိုက်ပျိုးပြီး တစ်လကျော်နှင့် ရက် ၅၀ မှ ၅၅ ရက်သားခန့်တွင် ရေလိုအပ်သည်။ ထို့ကြောင့် ထိုအချိန်များတွင် မဖြစ်မနေရေသွင်းပေးရမည်။ ရေသွင်းရာတွင် ရေမဝပ်စေရန် အထူးဂရုစိုက်ဆောင်ရွက်ရမည်။ မိုးရွာလျှင် ရေမဝပ်စေရန် ပတ်မြောင်း၊ စိမ့်မြောင်းများ ပြုလုပ်ထားရမည်။

**ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း**

နေကြာပင်ငယ်စဉ်မှ ပန်းမပွင့်မီကာလအတွင်း ပိုးမွှားကျရောက်မှုကို အပြီးသတ်ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မှသာ သီးနှံအောင်မြင်ဖြစ်ထွန်းမည်။ ပန်းပွင့်ချိန်တွင် ပိုးသတ်ဆေးဖျန်းပါက ဝတ်မှုန်ကူးမည့်ပျားများကို ထိခိုက်နိုင်ပြီး ဝတ်မှုန်ကူးမှုကို အနှောင့်အယှက်ဖြစ်စေသောကြောင့် အစေ့အဆန်အောင်မြင်မှုကို ကျဆင်းစေနိုင်သည်။ အပင်သက်တမ်းတစ်လျှောက် ပိုးမွှားကျရောက်မှုကို ကင်းထောက်စစ်ဆေး၍ ကာကွယ်နှိမ်နင်းရမည်။ ဖျက်ပိုးများအနေဖြင့် ခူမွှေးရှည်၊ ငမြောင်တောင်၊ သီးလုံးဖောက်ပိုး၊ ဖြုတ်စိမ်းပိုး၊ လေ့ပိုး၊ ပုရစ်များ ကျရောက်တတ်ပါသည်။ ခူမွှေးရှည်များသည် အပင်ငယ်စဉ်တွင် ကျရောက်ဖျက်ဆီးမှုများတတ်ပါသည်။ စောစီးစွာတွေ့ရှိပါက လက်ဖြင့် ကောက်ယူဖျက်ဆီးခြင်း၊ ပိုးကျအပင်များကို နုတ်ယူဖျက်ဆီးခြင်းများ ဆောင်ရွက်ရမည်။ ဘက်စုံကာကွယ်နည်းများအနေဖြင့် မြေပြင်ချိန်တွင် ထယ်ရေးနက်နက်ထိုးခြင်း၊ လက်ဖြင့်ကောက်ယူဖျက်ဆီးခြင်း၊ မီးထောင်ချောက်ထွန်းခြင်း၊ စိုက်ခင်းအနီးနှင့် အတွင်းရှိ ပေါင်းမြက်များကို ရှင်းလင်းခြင်း၊ ချစ်တီးပန်းကဲ့သို့သော ထောင်ချောက်သီးနှံအပင်များစိုက်ပျိုးခြင်း၊ ဥကပ်ပါးနကျယ်များကို စိုက်ခင်းအတွင်းသို့ လွှတ်ပေးခြင်း၊ ပုရစ်များကို မျှားစာကျွေး၍ ရှင်းလင်းခြင်း၊ မျိုးစေ့ကို အီမီဒါကလိုပရစ်ဆေးဖြင့် လူးနယ်စိုက်ပျိုးခြင်း၊ သင့်တော်သော ထိသေ၊ စားသေ ပင်လုံးပြန့်ဆေးများဖြင့် ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်သင့်ပါသည်။

နေကြာပင်တွင် ရောဂါအနေဖြင့် နေကြာပင်ခြေပုပ်၊ ပင်စည်ပုပ်၊ နေကြာရွက်ခြောက်၊ သံချေးရောဂါ၊ နေကြာခေါင်းပုပ်ရောဂါများကျရောက်တတ်သဖြင့် အပင်သက်တမ်းတစ်လျှောက် ဂရုပြုကာကွယ်ရမည်။ ကာကွယ်နှိမ်နင်းရာတွင် မြေဆောင်မှိုရောဂါကာကွယ်ရန် ထရိုင်ကိုဒါးမားမှိုထည့်ပေးခြင်း၊ ရောဂါခံနိုင်ရည်ရှိသောမျိုးများအသုံးပြုခြင်း၊ ရောဂါကင်းသောစိုက်ခင်းမှ မျိုးစေ့ကို ရွေးချယ်စိုက်ပျိုးခြင်း၊ မျိုးစေ့ဆောင်ရောဂါများကာကွယ်ရန် မစိုက်ပျိုးမီ မျိုးစေ့များကို မျိုးစေ့လူးနယ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးခြင်း၊ ရောဂါရအပင်ခင်းအကြွင်းအကျန်များကို မီးရှို့ဖျက်ဆီးခြင်းတို့ကိုဆောင်ရွက်ရပါမည်။ ရောဂါလက္ခဏာစတွေ့လျှင် သင့်တော်သောရောဂါသတ်ဆေးကို အချိန်မီအသုံးပြုပြီး ဆေးတစ်မျိုးတည်းကို ဆက်တိုက်မသုံးဘဲ အလှည့်ကျအသုံးပြုရမည်။

**ပေါင်းကာကွယ်ခြင်း**

နေကြာပင်သက်တမ်းငယ်စဉ်မှာ ပေါင်းမြက်များကို ကြားထွန်လိုက်ခြင်း၊ လက်ပေါင်းလိုက်ခြင်းဖြင့် နှိမ်နင်းမှသာ နေကြာပင်သည် ကျွေးသမျှမြေဩဇာများကို ရရှိနိုင်သည်။ စိုက်ခင်းအတွင်းရှိ ပေါင်းမြက်များကို လူအား၊ စက်ကိရိယာအားဖြင့်သာ ရှင်းလင်းသင့်ပါသည်။ သီးနှံရိတ်သိမ်းပြီးပါက ထယ်ထိုးမြေလှန်ပေးရန်နှင့် ယခင်စိုက်ခင်းအတွင်း အလေ့ကျပေါက်နေသောနေကြာပင်များကို ဖျက်ဆီးပစ်၍ ပေါင်းမြက်များကင်းစင်အောင် ဆောင်ရွက်ရပါမည်။

ကန်သင်းပေါင်ရှိပေါင်းမြက်များကို ရှင်းလင်းရာတွင် လုပ်သားရှားပါး၍ ပေါင်းသတ်ဆေးအသုံးပြုပါက ကိုက်ညီသောအမျိုးအစားနှင့်ပမာဏကို အထူးသတိပြု၍သုံးရမည်။ ကန်သင်းပေါင်များတွင် ပေါင်းသတ်ဆေးများကို လိုအပ်သည်ထက် အလွန်အကျွံသုံးစွဲပါက ဝတ်မှုန်ကူးပေးမည့်ပျားများနှင့် အခြားအကျိုးပြုပိုးမွှားများ ကျက်စားပွားများမှုကို ထိခိုက်စေနိုင်သည်။ ထိုသို့ ထိခိုက်ခြင်းကြောင့် နေကြာပန်းပွင့်ချိန်နှင့် အစေ့အဆန်တည်ချိန်တို့တွင် ဝတ်မှုန်ကူးမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် ပေါင်းသတ်ဆေးသုံးစွဲရာ၌ အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ပါသည်။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုင်တွယ်သုံးစွဲရာတွင် လူနှင့်ပတ်ဝန်းကျင်၊ အခြားသောအကျိုးပြုသတ္တဝါများနှင့် ဂေဟစနစ်မပျက်စီးစေရန် ဂရုတစိုက်စနစ်တကျကိုင်တွယ်သုံးစွဲရမည်။

**ရိတ်သိမ်းခြင်း**

ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းပါးစေရန် နေကြာပွင့်၏ အပွင့်ခေါင်းနောက်ပိုင်း ဝါလာပြီး ပွင့်ခံရွက်အုံ အညိုရောင်သန်းလာချိန်တွင် ရိတ်သိမ်းရမည်။ ရိတ်သိမ်းပြီးအပွင့်များကို တစ်ပွင့်နှင့်တစ်ပွင့် မထပ်စေဘဲ တလင်းထဲတွင် နှစ်ရက်မှ သုံးရက်နေလှန်းအခြောက်ခံရမည်။ အပွင့်များကို တစ်ရက်တစ်ကြိမ် အထက်အောက်လှန်ပေးရပါမည်။ နေကြာစေ့များကို စက် သို့မဟုတ် တုတ်ဖြင့် ရိုက်ပြီးခြွေပေးရမည်။ ယနေ့ကာလတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် တောင်သူဦးကြီးများအနေဖြင့် မိုးလေဝသသတင်းများကို ဂရုစိုက်နားထောင်ပြီး နေကြာရိတ်သိမ်းခြင်းကို ဆောင်ရွက်သင့်သည်။

မျိုးအဖြစ်သုံးမည့်နေကြာစေ့များကို အစိုဓာတ် ငါးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းရအောင် အခြောက်ခံပြီးမှ လေလုံစွာသိုလှောင်သိမ်းဆည်းရပါမည်။ နေလှန်းအခြောက်ခံချိန်နှင့် သိုလှောင်ချိန်တို့တွင် ပိုးမွှား၊ ကြွက်၊ ငှက်နှင့် အိမ်မွေး တိရစ္ဆာန်များဖျက်ဆီးမှုမရှိစေရန် အထူးသတိထားဂရုစိုက်ရမည်။

**အကျိုးအမြတ်**

၂၀၂၄ ခုနှစ်တွင် ရေဆင်းနေကြာမျိုးကို နည်းလမ်းမှန်ကန်စွာဖြင့် စနစ်တကျစိုက်ပျိုးခဲ့သော သထုံမြို့နယ်တွင် နေကြာတစ်ဧကလျှင် ၂၄ တင်းထိ ထွက်ခဲ့သည်။ နေကြာတစ်တင်းလျှင် ဆီလေး ပိဿာနှုန်းထွက်နိုင်သည်။ ထို့ကြောင့် တစ်ဧကမှ ဆီပိဿာ ၉၆ ပိဿာရရှိပြီး နေကြာဆီဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၂၅၀၀၀ ဖြင့်တွက်လျှင် တစ်ဧကမှ ဝင်ငွေ ငွေကျပ် ၂၄၀၀၀၀၀ ရရှိသည်။

နေကြာစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ရှစ်သိန်းထိ ကုန်ကျနိုင်သော်လည်း တစ်ဧကမှ အကျိုးအမြတ် ငွေကျပ် ၁၆ သိန်းကျော်ရရှိနိုင်သည်။

နေကြာဆီသည် စားအုန်းဆီနှင့်နှိုင်းယှဉ်ပါက အာဟာရတန်ဖိုးများပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်အတွက် စားသုံးရန်သင့်တော်သောဆီဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် နေကြာဆီကို တိုးမြှင့်ထုတ်လုပ်ခြင်းသည် ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် နိုင်ငံတော်၏ စားသုံးဆီဖူလုံရေးကဏ္ဍအတွက်လည်း များစွာအထောက်အကူပြုနိုင်သည်။ တောင်သူဦးကြီးများအနေဖြင့်လည်း မိုးစပါးအပြီး ဒုတိယသီးနှံအဖြစ် ဆီထွက်နေကြာကို ပြောင်းလဲတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ခိုင်မာသောအကျိုးအမြတ်နှင့် မြင့်မားသော ဝင်ငွေများရရှိနိုင်သည်။ သို့ဖြစ်ပါ၍ တောင်သူများစီးပွားတိုးတက်စေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အားဖြည့်နိုင်ရန်အတွက် ဆီထွက်သီးနှံနေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ဂေဟာရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်




ရန်ကုန် ဩဂုတ် ၂၇

ဂေဟာ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဩဂုတ် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သူ သရုပ်ဆောင် ဖွေးဖွေးက ပြောပြ၍ သိရသည်။

အဆိုပါဂေဟာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မဇော်က ရေးသားထားပြီး ခေတ်ရေးညိုက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ပြည်သစ်နိုင်က Rangoun နှင့် ခတ္တိယ Produc-tion တို့အတွက် တာဝန်ယူပုံဖော်ရိုက်ကူး ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဖွေးအနေနဲ့ အနုပညာ သက်တမ်း နှစ် ၂၀ ကျော်ပါပြီ။ ဖွေးအနေနဲ့ သရဲကားတွေ တော်တော်များများ ရိုက်ခဲ့ဖူးပါတယ်။ ဒီဇာတ်ကားက တုန်လှုပ်ချောက်ချားစရာ ဇာတ်လေးဆိုတော့ မျိုးဆက်သစ်အနုပညာ မောင်နှမတွေကော၊ မျိုးဆက်သစ်မဟုတ်တဲ့ သူတွေကော အကုန်လုံးက နေ့ရောညရော အကောင်းဆုံးကြိုးစား ရိုက်ကူးခဲ့ကြပါတယ်။ ဒီဇာတ်ကားလေး ရုံတင်ပြသရင် အားပေးကြည့်ရှုပြီး ဝေဖန်ပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် ဖွေးဖွေးက ပြောပြသည်။

အဆိုပါ ဂေဟာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ဆု၊ ထူးမွန်၊ မင်းသူ၊ ဟိန်းရာဇာ၊ ရန်လင်းအောင်၊ နက်ရှိုင်းကို၊ မောင်မောင်မျိုးသန့်၊ ဖွေးဖွေး၊ စိုးမြတ်သူဇာ၊ သဲစဉ်ဆည်းဆာ၊ သွန်းသစ္စာဇော်၊ မေမြန်မာ၊ မေသက်ကျော်၊ မေမြတ်စံ၊ ဆုပန်မေ၊ မေရီမောင်၊ တင်ဇာဝင်းပြည့်၊ သာသာ၊ အေးအေးအောင်၊ ရွှေရည်ဝင့်အောင်၊ ကလေးသရုပ်ဆောင် အိန္ဒြေသွန်းဆက်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Serendipity ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ကယ်ရှိုးဝေါတာ ရိုက်ကူးမည်

နယူးယောက် ဩဂုတ် ၂၇

Amazon MGM စတူဒီယို၏ Serendipity အမည်ရှိ အချစ်ဟာသဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ကယ်ရှိုးဝေါတာက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။


Serendipity ဇာတ်ကားသည် Serendipity ဇာတ်ကား (2001) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Serendipity ဇာတ်ကား (2001) သည် စေ့စပ်ထားသူများကိုယ်စီရှိထားသော်လည်း နယူးယောက်မြို့ ခရစ္စမတ်ညတစ်ညတွင် တွေ့ဆုံခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦးမေတ္တာသက်ဝင်ခဲ့ကြသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

Serendipity ဇာတ်ကားသစ်ကို ဒါရိုက်တာမိုက်ကယ်ရှိုးဝေါတာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ မော့ကလိန်းက ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Serendipity ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ကောင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လွှန်ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလဒုတိယပတ်တွင် ရုံတင်ပြသမည်

ရန်ကုန် ဩဂုတ် ၂၇

ကောင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လွှန်ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလ ဒုတိယပတ်တွင် နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် မြင့်မြတ်ထံမှ သိရသည်။

အဆိုပါ လွှန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အောင်ချမ်းသာက ရေးသားထားပြီး ဒါရိုက်တာ နေပိုင်က ကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် အကောင်းဆုံးပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ပရိသတ်တွေအားပေးခဲ့ကြတဲ့ မြေစာမှာ ကျွန်တော်နဲ့ ဒါရိုက်တာ နေပိုင်တို့ တွဲခဲ့ကြတယ်။ အခုလဲ ဒါရိုက်တာနေပိုင်နဲ့ ထပ်ပြီးတော့ ရင်ထဲထိစေမဲ့ ဒရာမာကားစစ်စစ်ကိုစောင့်မျှော်နေကြတဲ့ ပရိသတ်တွေအတွက် လွှန်ကို ရိုက်ကူးခဲ့ပါပြီ။ ဒီဇာတ်ကားမှာ အဖေတစ်ယောက်ရဲ့ မေတ္တာကို မြင်ရမှာပါ"ဟု သရုပ်ဆောင် မြင့်မြတ်က ပြောပြသည်။



လွှန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ရဲအောင်၊ ဧည့်သည် သရုပ်ဆောင်အဖြစ် တိုင်ရွှန်း၊ ဇော်ဝင်းနိုင်(မန်း)၊ ဇော်ဦး၊ ထူးသာ၊ ထူးပြည့်အောင်၊ ဒီပေါက်၊ ရွှေတိုး၊ ဝင့်ယမုံနိုင်၊ သံသာမိုးသိမ့်၊ ခင်ဗိုဗိုအေး၊ ဂျူးဂျူးဇော်၊ အေးပြည့်ဝေ၊ ခြူးခြူး၊ ခိုင်သဇင်၊ ဈာန်လေးမာန်၊ မနှင်းဝေ၊ ကလေးသရုပ်ဆောင် သူရိန်ထက်အောင်၊ ရဲရဲ၊ အိန္ဒြေသွန်းဆက်၊ ဆုမွန်အောင်(မင်းနန်းသူ)နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Seasons ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသား ရွန်ပါးမင်း ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၂၇

Amazon MGM စတူဒီယို၏ Seasons အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသား ရွန်ပါးမင်းလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

Seasons ဇာတ်ကားတွင် မင်းသား ရွန်ပါးမင်းသည် မင်းသမီး လီလီဂျိမ်း၊ မင်းသား ဂျက်ရေးနောတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Seasons ဇာတ်ကားသည် လယ်တောခြံတစ်ခြံကို ဝယ်ယူပြီးနောက် ရှေးဟောင်းဝိညာဉ်များနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသော ဇနီးမောင်နှံ၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Seasons ဇာတ်ကားကို ဒါရိုက်တာ ဒရူးဟန်ကော့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ဒရူးဟန်ကော့ကပင် တာဝန်ယူရေးသားပေးထားသည်။

Seasons ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို လာမည့်စက်တင်ဘာလအတွင်း အိုင်ယာလန်နိုင်ငံ၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ထိကရုံး ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် ဩဂုတ် ၂၇

Lucky 10 Production က ရိုက်ကူးထုတ်လုပ်သည့် ထိကရုံး ဇာတ်လမ်းတွဲကို စက်တင်ဘာ ၄ ရက်တွင် HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ သားညီထံမှ သိရသည်။

အဆိုပါထိကရုံး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသဥ္စာကျော်က ရေးသားထားပြီး ဒါရိုက်တာ သားညီနှင့် တွဲဖက်ဒါရိုက်တာ ဝင့်ဥမ္မာကျော်၊ Director of Photography - အောင်စည်သူတို့က Lucky 10 Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ထိကရုံး ဇာတ်လမ်းတွဲကတော့ အချစ်ဒရာမာဆိုပေမဲ့ အလှည့်အပတ် အကွေ့အဝိုက်လေးတွေပါတဲ့အတွက် တစ်မျိုးထူးနေမဲ့ ဇာတ်လမ်းအဖြစ်မြင်ရမှာပါ။ ထိကရုံးဆိုတာက ပန်းပွင့်လေးတွေနဲ့လဲ မယှဉ်နိုင်ပါဘူး။ ဆူးတွေနဲ့လဲ ကာကွယ်ထားပါတယ်။ ဒါပေမဲ့ ထိကရုံးကို လူတော်တော်များများက ထိချင်ကြတယ်။ ဒီလို အမြင်တွေကိုလဲ ဒီဇာတ်လမ်းတွဲမှာ တွေ့ရမယ်"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

ထိကရုံး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟိန်းသီဟ၊ မင်းဦး၊ အောင်ခိုင်၊ ဒေါင်းဝေ၊ ယုသန္တာတင်၊ သံသာညီ၊ ခင်ဇာခြည်ကျော်၊ ဇေရီစုစံ၊ အနုစံ၊ မေမီလင်း၊ ဝါဝါအောင်၊ မိုခမ်းနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားကြကြောင်း သိရသည်။

ASH

# Commander-in-Chief of Defence Services General Ye Win Oo receives delegation led by secretary-general of Thai National Security Council



General Ye Win Oo receives Secretary-General Mr. Chatchai Bangchuad of the National Security Council of Thailand.

**Nay Pyi Taw August 27**

Commander-in-Chief of Defence Services General Ye Win Oo received a delegation led by Secretary-General Mr. Chatchai Bangchuad of the National Security Council of Thailand at the parlour of Zeyathiri Beikman in Nay Pyi Taw this morning.

Also present together with the Commander-in-Chief of Defence Services were senior offices from the Office of the Commander-in-Chief (Army) and the secretary-general of the National Security Council was accompanied by the deputy secretary-general, the deputy commander-in-chief of the Royal Thai Armed Forces and officials from Thailand.

They discussed the successful holding of the 9th High Level Committee (9th HLC) in Thailand, plans to successfully carry out tasks to ensure stability, the rule of law, development and anti-terrorism by boosting cooperation between the armed forces of the two countries, matters related to border trade, effective prevention and combat against online scams/gambling by the State as a national responsibility, further boosting cooperation between the two governments and two armed forces as more than 99 percent of those who were involved in online scams/gambling had illegally crossed the border, prevention and control of illegal trafficking of arms and ammunition, narcotic drugs and restricted chemicals, plans for full security cooperation to enable the people in border areas of the two countries to lead their lives peacefully, exchange of information in real time and measures to be taken to further strengthen existing friendship and cooperation between the two armed forces.

After the meeting, the Commander-in-Chief of Defence Services and the secretary-general of the National Security Council of Thailand exchanged gifts and posed for documentary photographs. 100

# Online scam and gambling operators arrested along with equipment in Muse



Arrest of online fraud and gambling perpetrators along with related equipment in Muse.

**Nay Pyi Taw August 27**

The Government is prioritizing efforts as a national duty to identify, prevent, and combat online scam and gambling operations carried out by individuals who have illegally entered Myanmar—actions that pose severe threats to the socio-economic well-being of both the local population and people worldwide. The government is also coordinating closely with neighbouring administrations to effectively uncover, arrest, and prosecute offenders.

Acting on tip-offs from responsible citizens reporting that online fraud and gambling perpetrators were residing in Kaunghmutone Ward, Muse, Northern Shan State, a joint task force comprising security personnel conducted investigative searches of houses in the area. At around 10:15 am today, authorities raided a residence on the bypass road in the Hona sector of Kaunghmutone Ward and arrested a total of 31 suspects: 18 Chinese men, 5 Myanmar men, and 8 Myanmar women. Authorities seized operational equipment along with the suspects, including 422 assorted mobile phones, 18 all-in-one computers, 20 desktop computers and related accessories, 2 Starlink units, 2 Wi-Fi devices, 24,500 Chinese Yuan, 1 Lexus vehicle, 2 Toyota Crown vehicles, and 3 assorted motorcycles.

Effective and severe legal action will be taken against the arrested suspects under existing laws upon the completion of necessary investigations, and the seized operational equipment will be handled in accordance with established procedures.

The State continues to actively collaborate with neighbouring countries, regional partners, and international organizations to combat online scam and gambling operations, aiming to eradicate these criminal activities and prevent perpetrators from establishing operations within Myanmar.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Commander-in-Chief of Defence Services General Ye Win Oo meets instructors, cadets, postgraduate students of Defence Services Academy and Defence Services Technological Academy and officers and other ranks of the station



**Commander-in-Chief of Defence Services General Ye Win Oo meets instructors, cadets, postgraduate students of Defence Services Academy and Defence Services Technological Academy and officers and other ranks of the station.**

**Nay Pyi Taw August 27**

Commander-in-Chief of Defence Services General Ye Win Oo met instructors, cadets, postgraduate students of Defence Services Academy and Defence Services Technological Academy and officers and other ranks of the station at the Convocation Hall of DSA this afternoon.

Also present at the ceremony together with the Commander-in-Chief of Defence Services were Daw Nilar, wife of the Commander-in-Chief of Defence Services, senior military officers from the Office of the Commander-in-Chief and wives, the Central Command commander, commandants and officials.

In his speech, General Ye Win Oo said he recognized the soldiers from all the units in Pyin Oo Lwin Station for serving their duties unswervingly and with utmost devotion in any mission as true soldiers during security emergencies. As Pyin Oo Lwin is an ideal training ground for the Tatmadaw in terms of weather and terrain, soldiers of the station must work hard to become role models while they are undergoing training.

The General said the main task of the Tatmadaw is national defence, recounting his personal experience that the Tatmadaw had to shoulder its national defense duty immediately when the nation was on the brink of disintegration in 1988 and 2021 due to disturbances and anarchic acts of aboveground and underground destructive elements. To be able to serve this duty, the Tatmadaw must be competent and efficient, and it is an important fact. In this regard, the academies and training schools that are generating leaders must systematically apply the three-point training strategy—to be healthy and fit, and to have skill and courage -- adopted in 2011 for national defence.

The DSA will have to bring about officers with physical and intellectual ability through training sessions as its main task is to produce military leaders. Although the DSA and the DSTA have their own specific goals they both are the universities producing qualified persons. Good officers need physical and mental strength and leadership ability. So, training must be paid serious attention. Military leaders must have reasoning power, and the courage and calmness to make right decisions. They must be serious in training and should be the ones having physical and intellectual ability and decision-making power and rationality.

Instructors are responsible for guiding, training, and educating trainees to ensure they possess good morale and discipline. Instructors must be qualified to produce qualified trainees, and must be aware of the fact the qualification progress of a trainee depends on the trainer's qualification. A good instructor cannot be made instantly. It is important that an instructor needs specialized experience, particularly in the academic field or military science. His responsibility is to bring about officers who have wisdom, academic talent and can serve the duties of a platoon commander.

Instructors must conduct training sessions in accord with the motto -- Rigorous training ensures survival and victory. They must systematically train all trainees to be fit and healthy. An officer will be able to successfully shoulder his duties in the practical field only if he pursues academic subjects, military science properly during the training. They must care the cadets like their younger brothers, train them to achieve true proficiency and to guide them towards the right path.

In any assignment, soldiers must always be ready to fight like infantry troops. The principles of defense, withdrawal, advance, and attack never change, but the basic military science, based on them, is changing. Soldiers must follow the battlefield rules and must always study the developing and changing technologies, and must observe the rules to be adaptable to them. Training schools already have the motto – learn, undergo training and follow – and throughout the entire period of wearing the uniform, these three points must always be strictly adhered to and practiced.

The Commander-in-Chief underscored that administrative duties must be carried out with impartiality, without favouritism or discrimination, and that personnel should be assigned to appropriate positions based on merit and capability. He further stressed that administrative and support matters must be executed in a timely and accurate manner. Highlighting the critical role of instructors, he noted that they serve as surrogate parents to trainees, bearing the responsibility of nurturing and guiding them with genuine dedication. He called on all instructors to act with goodwill and a sense of paternal care, as they stand in loco parentis for the soldiers under their charge.

Turning to internal cohesion and morale, the Commander-in-Chief urged unit commanders and officers to maintain constant and close engagement with their subordinates. He observed that families residing within military compounds contribute to a supportive environment, and that the building of a strong, family-like atmosphere based on mutual sympathy and brotherhood is essential. He added that a positive mental state is closely linked to a contented and harmonious military life.

On the subject of discipline, the Commander-in-Chief reiterated that orders and directives are issued to ensure systematic order and compliance. Any lapse in military discipline, he warned, could undermine unit cohesion. He described discipline as the backbone of the military, asserting that a disciplined soldier becomes a good soldier, and that the collective discipline of individuals forms a disciplined military force. He called for the cultivation of disciplined habits from cadet training onwards, and urged personnel to carry out their duties with contentment, patience, and a strong sense of responsibility.

Addressing leadership, he stressed the vital importance of leadership skills. He stated that only those who have first been exemplary followers; obedient to orders and disciplined in conduct can mature into effective and well-rounded leaders. He emphasized the need for fair and just leadership over subordinates, and reminded leaders themselves to strictly adhere to orders, directives and regulations. He warned that self-serving conduct by leaders would erode the trust and confidence of their subordinates.

The Commander-in-Chief further highlighted the necessity for unit commanders to understand the true ground realities of their units, including the morale and living conditions of soldiers and their families. He called for proactive efforts to address their needs wherever possible. He encouraged the promotion of reading among soldiers and families to broaden their knowledge, and urged all personnel, from cadet training onward, to strive for self-improvement. He also made special mention of postgraduate programmes, including master's and doctoral degrees, as well as language courses, noting the significant investment of time, money, and effort made in these areas, and called on participants to apply themselves diligently and to live in accordance with military regulations.

Regarding physical fitness and health, the Commander-in-Chief advised engaging in age-appropriate sports and physical activities. He noted that when conducted systematically, sports greatly contribute to enhancing military morale and spirit. He encouraged participation in sports competitions that benefit both physical and mental well-being.

Following the formal session, the Commander-in-Chief of Defence Services, his wife and party, warmly greeted and exchanged pleasantries with instructors, cadets, postgraduate trainees, officers and other ranks who had attended the gathering, in a cordial and friendly atmosphere. 100

# အမေရိကန်က Tempest (C-UAS) တန်ပြန်ဒရုန်းတိုက်ဖျက်ရေးယာဉ်များ ဝယ်ယူရန် Vertex ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန် မရိန်းတပ်ဖွဲ့အတွက် Tempest Counter-Unmanned Aerial System (C-UAS) တန်ပြန်ဒရုန်း တိုက်ဖျက်ရေးယာဉ်များ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၉ သန်း တန်စာချုပ်ကို အမေရိကန်နိုင်ငံ အင်ဒီယာနာပြည်နယ် အခြေစိုက် Vertex ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစာချုပ်အရ ထိုကုမ္ပဏီသည် လမ်းကြမ်းသုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးယာဉ် ၁၀ စီးကို ပံ့ပိုးပေးမည်ဖြစ်ပြီး Software စီမံခန့်ခွဲရေးစနစ်များ၊ အပိုပစ္စည်းများနှင့် လေ့ကျင့်သင်ကြားရေးဝန်ဆောင်မှုများလည်း တစ်ပါတည်း ပံ့ပိုးပေးမည်ဖြစ်သည်။

Tempest (C-UAS)ယာဉ်ကို ယခင်က အမျိုးပြည်သူ့ရှေ့တွင် AGM-114L Longbow Hellfire ပဲ့ထိန်းဒုံးကျည်များ တပ်ဆင်ထားသည့်ပုံစံဖြင့် သရုပ်ပြခဲ့ဖူးသော်လည်း ယခုဝယ်ယူမှုတွင် မရိန်းတပ်ဖွဲ့က မည်သည့်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်စနစ်ကို ပေါင်းစပ်တပ်ဆင် အသုံးပြုမည်ကို အတိအကျ မဖော်ပြထားပေ။

သတင်းရင်းမြစ်များ၏ ခန့်မှန်းချက်အရ လက်ရှိမှာယူထားသည့် ယာဉ် ၁၀ စီးသည် ကနဦးအသုတ်ဖြစ်ပြီး နောက်ပိုင်း၌ မရိန်းတပ်ဖွဲ့၏ Denied Area Sprinter-Hellfire (DASH) Program အောက်တွင် Tempest တန်ပြန်ဒရုန်း တိုက်ဖျက်ရေးယာဉ်အစီးရေ ၅၀ ထိ မှာယူရန်စီစဉ်ထားသည်။ အဆိုပါအစီအစဉ်သည် မရိန်းတပ်ဖွဲ့၏ ကိုယ်ပိုင်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုမိုတိုးမြှင့်ရန် ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။

Tempest (C-UAS) ယာဉ်ကို Vertex ကုမ္ပဏီ၏ မိခင်ကာကွယ်ရေးကုမ္ပဏီဖြစ်သည့် V2X က အရပ်ဘက်သုံး Can-Am Maverick X3 ယာဉ်ငယ်၏ ကိုယ်ထည်ကို ပြုပြင်မွမ်းမံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ အလေးချိန်ပေါ့ပါးပြီး ဘီးလေးဘီးမောင်းနှင်နိုင်သည့် အဆိုပါယာဉ်ပလက်ဖောင်းတွင် ဒုံးပစ်လောင်ချာစနစ်နှစ်စုံနှင့် ယာဉ်ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသည့် ရေဒါစနစ်ကို ပေါင်းစပ်ထားသည်။

Tempest (C-UAS) ယာဉ်သည် Class 2 နှင့် Class 3 ဒရုန်းများကို ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးခြင်းတို့ ပြုလုပ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အဆိုပါ Class 2 နှင့် Class 3 ဒရုန်းများသည် အလေးချိန် ၆ ကီလိုဂရမ်မှ ၅၉၉ ကီလိုဂရမ်ထိ ရှိနိုင်ပြီး တစ်နာရီလျှင် အမြန်နှုန်း ၂၅၀ Knots ခန့် အမြင့်ပေ ၁၈၀၀၀ ထိ ပျံသန်းနိုင်သည့် ပစ်မှတ်များကိုပါ တုံ့ပြန်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည်။

အဆိုပါယာဉ်ပေါ်တွင် အသင့်တပ်ဆင်ထားသည့် ဒုံးကျည်နှစ်စင်းသည် ရွေ့လျားလှုပ်ရှားနေသော တပ်ဖွဲ့များအပေါ် ဝင်ရောက်လာသည့် လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်မည့် တန်ဖိုးမြင့်စွမ်းရည်ကို ပေးစွမ်းနိုင်လိမ့်မည်ဖြစ်သည်။

Tempest (C-UAS) တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်၏ ထူးခြားချက်မှာ ရေဒါ၊ ကြားဖြတ်လက်နက်နှင့် ရွေ့လျားနိုင်သည့် ယာဉ်ပလက်ဖောင်းတို့ကို စနစ်တစ်ခုတည်းအဖြစ် ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အမြဲတမ်းတပ်ဆင်ထားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များထက် ရှေ့တန်းတပ်ဖွဲ့များနှင့်အတူ လိုက်ပါရွေ့ပြောင်း၍ ဒရုန်းခြိမ်းခြောက်မှု ပေါ်ပေါက်သည့်နေရာတွင် လျင်မြန်စွာ တုံ့ပြန်နိုင်မည့် အားသာချက်ရှိကြောင်း သိရသည်။

US Marines to Receive Tempest Anti-Drone Buggies From Vertex ကို ဘာသာပြန်ဆိုထားပါသည်။

# ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့ ပူးတွဲထုတ်လုပ်ထားသည့် Boobook လေဆာစနစ်ကို စမ်းသပ်ခဲ့

ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့ ပူးတွဲထုတ်လုပ်ထားသည့် Boobook လေဆာစနစ်ကို ဩစတြေးလျနိုင်ငံတောင်ပိုင်း၌ စမ်းသပ်မှုများ အောင်မြင်စွာ ပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစမ်းသပ်မှုသည် နှစ်နိုင်ငံကြား ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာမှုကို ထပ်မံဖော်ပြသည့် အချက်တစ်ချက် ဖြစ်လာသည်။ Boobook အစီအစဉ်သည် မြေပြင်တိုက်ခိုက်ရေး ပလက်ဖောင်းများနှင့် ကမ်းရိုးတန်းဒေသ အသုံးပြု ပလက်ဖောင်းများမှ ဝင်ရောက်လာနိုင်သည့် ခြိမ်းခြောက်မှုများကို အလင်းအာရုံခံနည်းပညာဖြင့် ရှာဖွေထောက်လှမ်းနိုင်ရန် ရည်ရွယ်ထားသည့် စွမ်းအားမြင့်လေဆာစနစ် တည်ဆောက်ရန်အတွက် နှစ်နိုင်ငံပူးတွဲဆောင်ရွက်နေသည့် ကာကွယ်ရေးစီမံကိန်းတစ်ရပ်ဖြစ်သည်။ အဆိုပါစနစ်ကို ဩစတြေးလျနိုင်ငံရှိ Cultana Training Area နှင့် Defence Science and Technology Group (DSTG) Edinburgh တို့တွင် စမ်းသပ်ခဲ့ကြသည်။

အဆိုပါစီမံကိန်းတွင် ဩစတြေးလျနိုင်ငံ၏ Defence Science and Technology Group (DSTG) နှင့်အတူ Mitsubishi Electric Australia နှင့် Mitsubishi Electric Corporation တို့ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ၎င်းစီမံကိန်းသည် ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့၏ ကာကွယ်ရေး စက်မှုလုပ်ငန်းများကြား ပထမဆုံး ပူးတွဲဖွံ့ဖြိုးတည်ဆောက်ရေးစီမံကိန်းဖြစ်သည်။

ဩစတြေးလျအစိုးရ၏ ပြောကြားချက်အရ အဆိုပါစမ်းသပ်မှုများတစ်လျှောက် လေဆာစနစ်၏ ဒီဇိုင်းနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်သည့် အရေးပါသော အချက်အလက်များ ရရှိခဲ့ပြီး ၎င်းအချက်အလက်များကို စနစ်၏ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အသုံးပြုသွားမည်ဖြစ်သည်။

Boobook စီမံကိန်းသည် ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့ကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ရန် နှစ်နိုင်ငံက ချမှတ်ထားသည့် ကတိကဝတ်များနှင့်လည်း ကိုက်ညီနေသည်။

Boobook လေဆာစနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းသည် ဩစတြေးလျနှင့် ဂျပန်တို့ကြား ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာသည့် အချိန်နှင့်လည်း တိုက်ဆိုင်နေသည်။ နှစ်နိုင်ငံသည် ဂျပန်နိုင်ငံက ဩစတြေးလျနိုင်ငံရှိ ဒုံးကျည်စမ်းသပ်ရေးကွင်းများကို အသုံးပြုနိုင်ရေးအတွက်



စီစဉ်ဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသေးသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် ဟိုက်ပါဆောနစ်ဒုံးကျည်များကဲ့သို့သော အဝေးမှပစ်ခတ်တိုက်ခိုက်နိုင်သည့် ဒုံးကျည်များကို ဩစတြေးလျနိုင်ငံတွင် စမ်းသပ်နိုင်မည်ဆိုပါက အမေရိကန်နိုင်ငံနှင့် အလားတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် အလွန်ထူးခြားသည့် တိုးတက်မှုတစ်ရပ်ဖြစ်လာမည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီး Shinjiro Koizumi က ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်များသည် ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့ကြား ကာကွယ်ရေး ဆက်ဆံရေးတိုးတက်လာမှု၏ နောက်ထပ်မှတ်တိုင်တစ်ရပ်ဖြစ်သည်။

Boobook လေဆာစနစ်သည် လေဆာလက်နက်နည်းပညာသာ ဖွံ့ဖြိုးနေခြင်းမဟုတ်ဘဲ ဩစတြေးလျ၏ ကာကွယ်ရေးနည်းပညာစွမ်းရည်၊ ဂျပန်နိုင်ငံ၏ အီလက်ထရွန်နစ်နှင့် လေဆာနည်းပညာကျွမ်းကျင်မှုတို့ကိုပေါင်းစပ်ကာ အနာဂတ်စွမ်းအားမြင့် လေဆာအခြေပြု ကာကွယ်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံတည်ဆောက်နေခြင်းဖြစ်သည်။ ထို့ပြင် ၎င်းစီမံကိန်းသည် ပူးတွဲစမ်းသပ်မှုအဆင့်မှ အနာဂတ်တွင်ဩစတြေးလျနိုင်ငံအတွင်း အကြီးစားထုတ်လုပ်နိုင်ရေးထိ ရည်ရွယ်ထားခြင်းကြောင့် နှစ်နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

Australia, Japan Test Co-Developed Boobook Laser System ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၀၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၀၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၁၂၄၀၊ ဝန်းသိုမြို့နယ်တွင် ၁၆၁ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၈၀၄ ဧက စုစုပေါင်း ၂၂၀၅ ဧကတို့ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ပဲတီစိမ်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာ ပေးတာတွေရှိပါတယ်" ဟု ကောလင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။

(၂၀၆)




# မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**မိုင်းဆတ် ဩဂုတ် ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်ဆောင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်း (RBF) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ စီမံကိန်းလုပ်ငန်းစဉ်များကို ကဏ္ဍတစ်ခုချင်းစီအလိုက် အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြကြောင်း မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေးထံမှ သိရသည်။

**ချိုသန်းညွန့်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခူပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခူပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခူအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်းက ငါးခူပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးခူပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိတဲ့ ငါးခူအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးခူပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးခူတွေ တင်ပို့ရောင်းချ



အားတက်ခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ အခုလို ငါးခူတွေ ဝယ်ယူတာများလာတော့ ငါးခူမွေးမြူသူတွေနဲ့ သဘာဝအတိုင်း ငါးခူရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခူ ၁၀ ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၂၁၅၀၀၀ မှ ၂၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြစ်ကြီးနားမြို့နယ် ရေနားပင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်ကြီးနား ဩဂုတ် ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေနားပင်လုံကျေးရွာနှင့် မန်လယ်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ရေနားပင်လုံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် တာဝန်ရှိသူများက ရေနားပင်လုံကျေးရွာနှင့် မန်လယ်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာ နှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို စီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ် ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များကို တွေ့ဆုံအမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများ၊ ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များကို စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင် တပ်နယ်ရှိ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများအနေဖြင့် လုံခြုံရေးအရ အရေးကြုံချိန်တွင် တပ်မတော်သားပီသစွာဖြင့် လုပ်ငန်းတာဝန်မခွဲခြားဘဲ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ရှုပ်ရှုပ် ချွံချွံတာဝန်ထမ်းဆောင်ခဲ့၍ အလေးထား အသိအမှတ်ပြုပါကြောင်း၊ ထို့ပြင် ပြင်ဦးလွင်သည် ရာသီဥတုအရ၊ နယ်မြေအရ တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန်ဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံနမူနာပြဖြစ်ရန် အမြဲတမ်းကြိုးစားဆောင်ရွက်နေရန်လိုကြောင်း။

**လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန်လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့်တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ် . . .**

**ပြောင်းလဲနေသည့် စစ်ပညာရပ်များနှင့် တိုးတက်လာသည့်နည်းပညာများကို အမြဲတမ်းလေ့လာနေရမည်ဖြစ်ပြီး ပြောင်းလဲမှုများကို အံဝင်ခွင်ကျဖြစ်အောင်လေ့ကျင့်၍ ဥပဒေသများကို လိုက်နာရန်လိုအပ် . . .**

တပ်မတော်၏အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် မြေပေါ်မြေအောက် အဖျက်သမားတို့၏ တိုင်းပြည်ဆူပူအုံကြွစေမှုနှင့် မင်းမဲ့စရိုက်ဆန်သောလုပ်ရပ်များကြောင့် ဆိုးရွားစွာဖြင့် တိုင်းပြည်ပြိုကွဲမည့် အခြေအနေတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝအချိန်မီတာဝန်ယူခဲ့ရကြောင်း၊ ထိုသို့ကာကွယ်စောင့်ရှောက်နိုင်ရန်မှာ တပ်မတော်အနေဖြင့် စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန် အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်တွင် လေ့ကျင့်ရေးမူဝါဒအဖြစ်ချမှတ်ခဲ့သည့် **ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်**စသည့် အချက် သုံးချက်ကို ခေါင်းဆောင်များ မွေးထုတ်ပေးသည့် တက္ကသိုလ်များနှင့်လေ့ကျင့်ရေးကျောင်းများအနေဖြင့် စနစ်တကျလေ့ကျင့်ပေးနေရန် လိုကြောင်း။

စစ်တက္ကသိုလ်သည် လေ့ကျင့်ရေးနှင့် ပတ်သက်ပြီး လက်ရုံးရည်၊ နှလုံးရည်နှင့်

---

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့်ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၂၇

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်ထံသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များနှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ စုစုပေါင်း ၆၇၆၅၀ ကိုလွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ဖြောင့်မတ်တည်ကြည်မှုရှိသည့် အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်၊ စဉ်းစားတွေးခေါ်မှုများကို ငယ်စဉ်ကတည်းက စွဲမြဲစွာပြုမူနေထိုင်နိုင်စေရန်စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့လေ့ကျင့်ပျိုးထောင်ရန်အကောင်းဆုံးနှင့်အသင့်တော်ဆုံးနေရာမှာ စာသင်ကျောင်းများသာဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပညာရေးကဏ္ဍတွင်လေ့လာကိုးကားနိုင်ရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းဘာသာရပ်သင်ရိုးညွှန်းတမ်းများနှင့် UNODC (United Nations Office on Drugs and Crime) ၏ E4J (Education for Justice) က ပြုစုထားသည့် Module များကို တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များအဖြစ် ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ ယခုတစ်ကြိမ် အောက်ခြေအခြေခံကျောင်းများထိ ဖြန့်ဝေနိုင်ရန် ထပ်မံလွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါကြောင်း၊ လူငယ်အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ဆက်လက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ကော်မရှင်ကပြုစုထားသည့် သင်ခန်းစာများကို သင်ရိုးညွှန်းတမ်းများတွင် လိုအပ်သလို ဖြည့်စွက်ထည့်သွင်း ရေးဆွဲသင်ကြားဆွေးနွေးပေးနိုင်ရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည့်စုံသည့် အရာရှိများ မွေးထုတ်ပေးရန်ဖြစ်ပြီး ၎င်း၏အဓိကတာဝန်မှာ စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များ မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စစ်တက္ကသိုလ်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်တို့သည် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အသီးသီးရှိသော်လည်း အရည်အချင်းရှိသူများကိုမွေးထုတ်ပေးသည့် တက္ကသိုလ်များဖြစ်ကြောင်း၊ အရာရှိကောင်းများဖြစ်စေရန် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ပါ ပြည့်ဝရန်လိုအပ်ပြီး Training နှင့်ပတ်သက်ပြီး အလေးထားလုပ်ဆောင်ရန် လိုအပ်ကြောင်း။

စစ်ခေါင်းဆောင်များသည် စဉ်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိ၊ တည်ငြိမ်စွာဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်သည့် စစ်ခေါင်းဆောင်များဖြစ်ရန်လိုပြီး လေ့ကျင့်ရေးအပိုင်းနှင့်ပတ်သက်လျှင် ပေါ့ပေါ့တန်တန် မလုပ်ရန်လိုကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နှင့် စဉ်းစားဆုံးဖြတ်နိုင်သည့်အတွေးအခေါ် ကြံ့စည်နိုင်သူများဖြစ်ရန် လိုအပ်ကြောင်း။

နည်းပြများသည် သင်တန်းသားများ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်အောင် ထိန်းကျောင်းလေ့ကျင့်သင်ကြားပေးရမည့် တာဝန်ရှိကြောင်း၊ အရည်အချင်းပြည့်ဝသည့်သင်တန်းသားများ ပေါ်ထွက်လာစေရန် အတွက် နည်းပြများသည် အရည်အချင်း ပြည့်ဝရမည်ဖြစ်ပြီး လေ့ကျင့်ပေးသူများ၏ အရည်အချင်းပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏ အရည်အသွေးများပြောင်းလဲမည်ကို သတိပြုရန်လိုကြောင်း၊ နည်းပြကောင်းတစ်ဦးရရန် ချက်ချင်းလုပ်ယူ၍မရဘဲ အတွေ့အကြုံရှိရန်လိုအပ်သကဲ့သို့ စာပေပညာဖြစ်စေ၊ စစ်ပညာဖြစ်စေ နည်းပြများ၏အတွေ့အကြုံရှိမှုသည် အရေးကြီးကြောင်း၊ နှလုံးရည်ပြည့်ဝသည့်အရာရှိများဖြစ်အောင် စာပေပညာပိုင်းကလည်း အရည်အချင်းပြည့်ဝအောင်သင်ပေးရသကဲ့သို့ လေ့ကျင့်ရေးပညာပိုင်းတွင်လည်း တပ်စုမှူးတာဝန်ထမ်းဆောင်နိုင်သည့်အဆင့်ထိ သင်ကြားပေးရမည် ဖြစ်ကြောင်း။

ချွေးထွက်များမှ သွေးထွက်နည်းမည် ဆိုသည့်ဆောင်ပုဒ်အတိုင်း လေ့ကျင့်ကြရမည်ဖြစ်ပြီး စစ်သားတစ်ယောက်ဖြစ်သည့်အတွက် ခန္ဓာကိုယ်ကြံ့ခိုင်ရန်လေ့ကျင့်ရေးပိုင်းကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ ဗိုလ်လောင်းများကို ညီအရင်းသဖွယ် ကြည့်ရှုစောင့်ရှောက်ရန်၊ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်နှင့် လမ်းမှားမရောက်ရှိစေရေး မှန်ကန်သည့်နည်းလမ်းများကို ရွေးချယ်ဆုံးဖြတ်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း။

မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တိုက်ပွဲဝင်နိုင်အောင် မိမိဘက်ကအသင့်ဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ခံ၊ ခွာ၊ ချီ၊ တိုက်ဥပဒေသများ၊ စစ်အခြေခံသဘောတရားများသည် ပြောင်းလဲမှုမရှိဘဲ ၎င်းပေါ်တွင်အခြေခံ၍ စစ်အတတ်ပညာများပြောင်းလဲနေခြင်းဖြစ်ပြီး စစ်မြေပြင်စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ပြောင်းလဲနေသည့် စစ်ပညာရပ်များနှင့် တိုးတက်လာသည့် နည်းပညာများကို အမြဲတမ်းလေ့လာနေရမည်ဖြစ်ပြီး ပြောင်းလဲမှုများကို အံဝင်ခွင်ကျဖြစ်အောင်လေ့ကျင့်၍ ဥပဒေသများကို လိုက်နာရန်လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကျောင်းများတွင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဟူသည့်ဆောင်ပုဒ်ရှိပြီးဖြစ်၍ ယူနီဖောင်းဝတ်ဆင်ထားသည့် ကာလတစ်လျှောက်လုံးတွင် ၎င်းအချက်သုံးချက်ကို အမြဲတမ်းလိုက်နာ ဆောင်ရွက်နေရမည် ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ညီညွတ်မျှတစွာဖြင့် ကျောသား၊ ရင်သားမခွဲခြားဘဲ မျှမျှတတ ကွပ်ကဲအုပ်ချုပ်ရန်လိုပြီး ကွက်ကျားမိုးရွာ၍မရကြောင်း၊ တတ်နိုင်သမျှလူမှန်နေရာမှန် တာဝန်ပေးရန်လိုအပ်ပြီး အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နည်းပြများသည် မိဘကိုယ်စားဖြစ်ပြီး ဒုတိယမိဘများပင်ဖြစ်ကြောင်း၊ မိဘများကိုယ်စား ထိန်းကျောင်းပေးနိုင်ရေး စေတနာထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် တပ်နေပျော်ရေးအတွက် တပ်မှူးများ၊ အရာရှိများသည် လက်အောက်နှင့်အမြဲထိတွေ့နေရန်လိုကြောင်း၊ မိသားစုများ တပ်တွင်း၌ လိုက်ပါနေထိုင်ကြပြီး မိသားစုအရိပ်အမြုံတစ်ခုကို တည်ဆောက်ရာတွင် သားသမီးချင်း၊ နှမသားချင်းစာနာသည့်စိတ်များဖြင့် ခိုင်မာအောင်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်တည်ဆောက်ရေးအပိုင်းတွင် စိတ်ဓာတ်ကောင်းရန်လည်းလိုအပ်ပြီး တပ်နေပျော်သည်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာကောင်းမွန်လာမည်ဖြစ်ကြောင်း။

စည်းကမ်းပိုင်းဆိုင်ရာများ အနေဖြင့် အမိန့်နှင့်ညွှန်ကြားချက်များသည် စည်းကမ်းစနစ်တကျရှိစေရန်အတွက် ထုတ်ပြန်ထားခြင်းဖြစ်ပြီး စစ်စည်းကမ်းပိုင်းဆိုင်ရာများတွင် လိုက်နာမှုမရှိပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်လာနိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်သောကြောင့် စည်းကမ်းကောင်းလျှင် တပ်မတော်သားကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သားကောင်းများပေါင်းလျှင် စည်းကမ်းရှိသောတပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ စည်းကမ်းတကျနေတတ်သည့်အကျင့်များကို ဗိုလ်လောင်းဘဝမှစတင်၍ လေ့ကျင့်ရန်လိုအပ်ပြီး ရောင့်ရဲတင်းတိမ်နိုင်သည့်စိတ်ဖြင့် လုပ်ငန်းတာဝန်ကိုကျေပွန်လိုစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း။

ခေါင်းဆောင်မှုဆိုင်ရာ အနေဖြင့် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့နှင့် ပြည့်စုံသည့်နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့်ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိကွပ်ကဲမှုအောက်ရှိ အရာရှိ၊ စစ်သည်များကို ညီညွတ်မျှတမှုရှိသည့် ခေါင်းဆောင်မှုပေးအပ်ရန် လိုအပ်ပြီး မိမိကိုယ်တိုင်အနေဖြင့်လည်း အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်သည့်သူများက အတ္တစိတ်ဖြင့် တာဝန်ထမ်းဆောင်ပါက လက်အောက်ငယ်သားများ၏ ယုံကြည်မှုကို ရရှိနိုင်မည် မဟုတ်ကြောင်း။

မိမိတပ်၏ မြေပြင်အခြေအနေမှန်ကို သိအောင်ဆောင်ရွက်ရန်လိုပြီး လက်အောက်စစ်သည်၊မိသားစုများ၏ စိတ်ဓာတ်ရေးရာ၊ လူနေမှုဘဝအခြေအနေများကို သိအောင်ဆောင်ရွက်၍ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးရန်လိုကြောင်း၊ စစ်သည်၊ မိသားစုများ၏ ဗဟုသုတကြွယ်ဝစေရန် စာအုပ်၊စာပေများ ဖတ်စေချင်ကြောင်း၊ ဗိုလ်လောင်းဘဝမှစကာ တတ်စွမ်းသမျှ မိမိကိုယ်ကို ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ ဘွဲ့လွန်သင်တန်းများဖြစ်သော မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်း၊ ဘာသာစကားသင်တန်းများအနေဖြင့်လည်း အချိန်၊ ငွေ၊ လုပ်အားများ များစွာရင်းနှီးမြှုပ်နှံထားသည့်အတွက် ကြိုးစားအားထုတ်ကြရန် နှင့် စည်းကမ်းနှင့်အညီ နေထိုင်သွားကြရန် မှာကြားလိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးနှင့် ပတ်သက်၍ အသက်အရွယ်အလိုက် သင့်လျော်သည့် အားကစားများကို လုပ်ဆောင်နေရန်လိုကြောင်း၊ အားကစားဆိုသည်မှာ စနစ်တကျ လုပ်ဆောင်ပါက တပ်မတော်စိတ်ဓာတ်ရေးရာမြင့်မားရေးတွင် များစွာအထောက်အကူရသည်ဖြစ်၍ စနစ်တကျလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်ကိုပါ ကျန်းမာကြံ့ခိုင်စေသည့် အားကစားပြိုင်ပွဲများကို အကျိုးရှိရှိလိုက်ပါလုပ်ဆောင်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများ၊ ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ပြ၀၁)

> **စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်သောကြောင့် စည်းကမ်းကောင်းလျှင် တပ်မတော်သားကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သားကောင်းများပေါင်းလျှင် စည်းကမ်းရှိသောတပ်မတော်ဖြစ်လာမည်ဖြစ်၊ ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့နှင့်ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ် . . .**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ပြ၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် Mr. Chatchai Bangchuad တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်နှင့်အတူ ဒုတိယအတွင်းရေးမှူးချုပ်၊ ထိုင်းဘုရင့်တပ်မတော်ဒုတိယစစ်ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် **၉ ကြိမ်မြောက် ထိုင်း-မြန်မာ တပ်မတော်နှစ်ရပ်ကြား အဆင့်မြင့်အရာရှိကြီးများ ကော်မတီ(9th High Level Committee-9th HLC) အစည်းအဝေးကို ထိုင်းနိုင်ငံတွင် အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊** နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်သွားမည့်အခြေအနေများ၊ **နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊** အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိရောက်စွာ တားဆီးနှိမ်နင်းနေမှု အခြေအနေများ၊ အွန်လိုင်းလိမ်လည်မှုတွင် ပါဝင်ပတ်သက်သူများ၏ ၉၉ ရာခိုင်နှုန်းကျော်သည် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများဖြစ်၍ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်ကြား ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ကာ တားဆီးဆောင်ရွက်သွားမည့်အခြေအနေများ၊ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှု တားဆီးထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသနေပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်ပေးပို့ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၂၆

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်)

**ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၂၆)သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၂၇ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ကာလပေါ်တေး အဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက စာဆိုစစ်သည် တေးသီချင်းဖြင့်လည်းကောင်း၊ ကာလပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၂၂ ဦးက တောင်တန်းပြာနဲ့ စစ်စခန်းတေးသီချင်းဖြင့်လည်းကောင်း အသီးသီးသီဆိုယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၅ ဦးက သူရဲကောင်းအဓိပ္ပာယ်များ သီချင်းဖြင့်လည်းကောင်း၊ ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ (အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၂၂ ဦးက ရှူးရှူးမိုက်မိုက် အချစ်သီချင်းဖြင့်လည်းကောင်း အသီးသီးသီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့ သီဆိုယှဉ်ပြိုင်ကြစဉ်။

# ၂၉ ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ




**ဗန်ကောက် ဩဂုတ် ၂၇**

၂၉ ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Dusit Thani Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Anutin Charnvirakul က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ အလုပ်သမားရေးရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့(ILO)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(OECD)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကာ အလုပ်သမားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသည် အာဆီယံအလုပ်သမား ဝန်ကြီးများလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀)အရ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ဆက်စပ်အစည်းအဝေးများမှ အလုပ်သမားရေးရာ ဆုံးဖြတ်ချက်များ၊ အဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားရေးရာ ဆောင်ရွက်ချက်များကို ဆွေးနွေးရန်နှင့် အာဆီယံအလုပ်သမားဝန်ကြီးများထံ တင်ပြအတည်ပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Phongsaysack Inthalath နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် လာအိုနိုင်ငံ၌ ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာလုပ်သားများကို မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသက်ဆိုင်ရာအဖွဲ့အစည်းများပါဝင်သည့် လုပ်ငန်းအဖွဲ့ (Working Group)ဖြင့် ဆွေးနွေး၍ လုပ်ငန်းစဉ်များ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများ တရားဝင်လမ်းကြောင်းများမှ တစ်ဆင့် လွှဲပို့နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဝင်ထွက်ပေါက်များမှတစ်ဆင့် တရားဝင် အလုပ်လုပ်ကိုင်နိုင်ရေး၊ သက်သေခံလက်မှတ်များထုတ်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**● ပြေးခုန်ပစ်ပြိုင်ပွဲမှ**

အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတို့တွင် ဆုရရှိသည့် အားကစားသမားများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက က အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ဧမ္ဗူသီရိမြို့နယ်အသင်း၊ အမျိုးသား တံခွန်စိုက်ဆုရရှိသည့် ဧမ္ဗူသီရိမြို့နယ်အသင်းတို့ကို တံခွန်စိုက်ဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**ထွန်းလင်း(ဇေယျာမြေ)**



**■ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

ရန်ကုန်တိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသမီး သုံးယောက်တွဲအုပ်စုပတ်လည် ပွဲစဉ်များတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ချင်းပြည်နယ်အသင်းက နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ်တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၂၈ရက် နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

**◆ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်မှ**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# မန္တလေးတိုင်းဒေသကြီးအဆင့် ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ






မန္တလေး ဩဂုတ် ၂၇

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီး ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရေး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေး၌ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ Video Conferencing ဖြင့် တက်ရောက်သည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဆပ်ကော်မတီများအလိုက်၊ ပြိုင်ပွဲဝင်ဘာသာရပ်အလိုက် ဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဩဂုတ် ၂၇**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍ စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ (ကြို့ပင်ဆိပ်)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်း၊ ရဲဘော်သုံးကျိပ်သမိုင်း၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း)ပြင်ပကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ဆုအဖြစ် အသီးသီးချီးမြှင့်ပေးအပ်သည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ကျွန်မတို့ရဲ့ကျောင်းသား၊ ကျောင်းသူတွေဟာ စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အတွက် နိုင်ငံတော်ကို ကာကွယ်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့တဲ့ သတ္တိ၊ ဇွဲ၊ လုံ့လ၊ ဝီရိယကိုလဲ ကိုယ်တိုင်တွေ့မြင်ရမှာဖြစ်ပါတယ်။ တိုက်ပွဲမှာ အသုံးပြုခဲ့တဲ့ စစ်လက်နက်ပစ္စည်းတွေ၊ စစ်အသုံးအဆောင်ပစ္စည်းတွေကို ကလေးတွေဟာ သင်ခန်းစာထဲမှာပဲ ဖတ်ခဲ့ရတာမဟုတ်ဘဲ အပြင်မှာ တကယ့်လက်တွေ့ ကလေးတွေ မြင်တွေ့ခဲ့ရတဲ့အတွက် ဗဟုသုတအများကြီးရရှိလိမ့်မယ်လို့လဲ မျှော်လင့်ပါတယ်ရှင့်။ အခြေခံပညာအလယ်တန်းကျောင်းခွဲ (ကြို့ပင်ဆိပ်)မှ ကျောင်းသား၊ ကျောင်းသူတွေကိုလေ့လာရေးပို့ဆောင်ပေးတဲ့တာဝန်ရှိအကြီးအကဲတွေကို ကျေးဇူးအများကြီးတင်ရှိပါတယ်ရှင်"ဟု ပြောသည်။





"သမီးအနေနဲ့ကတော့ စစ်သမိုင်းပြတိုက်ကို လာရောက်ရတဲ့အတွက် ဗဟုသုတများစွာရရှိခဲ့ပါတယ်။ မြန်မာ့သမိုင်းအကြောင်းတွေရော၊ တပ်မတော်ရဲ့ သမိုင်းအကြောင်းတွေရော၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် ဆောင်ရွက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ် အကြောင်းတွေရော အများကြီးဗဟုသုတရရှိခဲ့ပါတယ်။ သမီးတို့ကို အခုလိုမျိုး စစ်သမိုင်းပြတိုက်ကို လာရောက်ခွင့်ရအောင် ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေ၊ တော်ဝင်ယာဉ်လိုင်းက တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး သမီးတို့ကို လိုက်ပြပြီးတော့ ရှင်းပြပေးတဲ့ ဗိုလ်မှူးကြီးတွေ၊ အရာရှိကြီးတွေ အားလုံးကိုလဲ သမီးတို့က ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၅၀၁)


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိ



**မန္တလေး ဩဂုတ် ၂၇**

မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ ဆောက်လုပ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည့် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်(SOP)နှင့်အညီ ခေတ်မီနည်းပညာများဖြင့် ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအနေဖြင့် ၅၁ ဆူရှိခဲ့ပြီး ငါးဆူပြင်ဆင်ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲ ၂၁ ဆူရှိပြီး သမိုင်းဝင်လောကမာန်အောင်ဆုတောင်းပြည့် ရွှေစည်းခုံစေတီတော်မြတ်အား ခေတ်မီနည်းပညာများဖြင့် ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မဒူတဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမရပူရခရိုင် အမရပူရမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၂၂၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်သည်။

လမင်းစီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့်ဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၂၉၀ ကျော်မှ ကျောင်းသား၊ ကျောင်းသူ ၅၂၀၈၈ ဦးကျော်ကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည်အား အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ဟသ်ာတ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးထွန်းအား မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၁-၈-၂၀၂၆ ရက်တွင် ကျင်းပခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၈-၆-၂၀၂၆ ရက်မှ ၁၇-၇-၂၀၂၆ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ၁၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း ခုနစ်ဦး စုစုပေါင်း ၂၂ ဦးတို့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၂၄ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း ၅၃၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၂၇ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၇**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၃ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သောပြည်သူများအတွက် ငွေကျပ်သိန်း ၃၁၀၀၀ ခန့် ထောက်ပံ့ထားရှိ



ကျောင်းကုန်း ဩဂုတ် ၂၇

ယခုနှစ် ဇူလိုင်လကုန်ပိုင်းမှစ၍ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သော ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ပြည်နယ် အစိုးရအဖွဲ့များ၏ ထောက်ပံ့ထားရှိမှုမှာ ငွေကျပ်သိန်း ၃၁၀၀၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

အလားတူ ဝဝန်တာအောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝင်နစ်မြုပ်မှုများဖြစ်ပွားလျက်ရှိသော ရေကြည်မြို့နယ် ရေကြည်မြို့ အားကစားရုံ၊ သဃ်န်းဒေါင့်ဘုန်းကြီးကျောင်းတို့ရှိ ရေဘေးရှောင်စခန်းများသို့ ယမန်နေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီး အိမ်ထောင်စု ၁၈၂ စု လူဦးရေ ၅၈၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် ရေဘေးသင့်ပြည်သူများအနက်မှ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူစသည်ဖြင့် ထိခိုက်လွယ်လူဦးရေ ၈၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများပေးအပ်ပြီး စုစုပေါင်းငွေကျပ် ၇၃ ဒသမ ၂ သိန်း ထောက်ပံ့နိုင်ခဲ့သည်။

ဆက်လက်၍ ကျောင်းကုန်းမြို့ရှိ မြို့ပေါက်ဆိပ်ဘုန်းကြီးကျောင်း၊ ရတနာပုံဘုန်းကြီးကျောင်းနှင့် ဥယျာဉ်ကြီးဘုန်းတော်ကြီးကျောင်းများရှိ ရေဘေးရှောင်စခန်းများ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ရေများကျဆင်း၍နေအိမ်သန့်ရှင်းရေးဆောင်ရွက်ရာတွင် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းအစရှိသည့် အများပြည်သူပိုင်နေရာများကို စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းလုပ်ဆောင်ရန်ပြောကြားပြီး စခန်းများရှိ ရေဘေးသင့်အိမ်ထောင်စု ၆၃၆ စုမှ လူဦးရေ ၂၂၈၁ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် အသက် ၇၀ နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ အသက် ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူစသည်ဖြင့် ထိခိုက်လွယ်လူဦးရေ ၉၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခဲ့ပြီး ထောက်ပံ့မှုစုစုပေါင်း ငွေကျပ် ၂၁၄ ဒသမ ၅၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❑ ဝဝန်မြစ်ရေကာတာမှ

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ဝဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၅ ပေ ၂ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၆ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၈ လက်မခန့်သာကျန်ရှိတော့သဖြင့် ၁ ပေ ၂ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ရေပြန်လည် ကျဆင်းသွားသည့် လေးမျက်နှာ-ဟသ်ာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများကို အများပြည်သူများနှင့် မော်တော်ယာဉ်များအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရောဝတီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ပိုမိုသိရှိနားလည်နိုင်ရေး ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများနှင့် ရပ်ရွာအခြေပြု တွေ့ဆုံဆွေးနွေးပွဲကျင်းပ



မြစ်ကြီးနား ဩဂုတ် ၂၇

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ရောဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသတွင်းရှိ ပြည်သူများ နည်းပညာဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် အသိပညာဗဟုသုတပိုမိုသိရှိနားလည်စေရေး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် ဒေသခံကော်မတီတို့က ရပ်ကွက်၊ကျေးရွာအဆင့်ထိ ရပ်ရွာအခြေပြု ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် မိုင်းနားကျေးရွာအုပ်စု နောင်တာလောကျေးရွာ သာသနာ့ရက္ခိတကျောင်းတိုက် ဓမ္မလင်္ကာရဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ရောဝတီမြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းနှင့်ပတ်သက်၍ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်း ဦးဆောင်၍ ဒေသခံကော်မတီ အဖွဲ့ခေါင်းဆောင် ဦးတိန့်ဆောင်နှင့် အဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ၏ မေးမြန်းဆွေးနွေးတင်ပြမှုများအပေါ် သိသင့်သိထိုက်သည့် နည်းပညာဆိုင်ရာအချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာပညာရှင်တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုအပေါ်မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာခြားသည့် နှိုင်းယှဉ်ဖော်ပြချက်များ၊ မြစ်ဆုံနေရာကိုရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသာမက မိသားစုတစ်ခုချင်း၏ တိုးတက်မြင့်မားရေးသည် လျှပ်စစ်မီးက အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်သကဲ့သို့ ယနေ့နည်းပညာခေတ်တွင် လျှပ်စစ်မီးသည် မရှိမဖြစ်အသုံးပြုရန်လိုအပ်နေသည်ကို မိမိတို့အားလုံး သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့၏ဆုံးဖြတ်ချက်သည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်ကို အားလုံးကသိရှိနားလည်လက်ခံကြရန်လိုအပ်ပြီး စီမံကိန်းအတွက် ပူးပေါင်းပါဝင်ကြရန် လိုကြောင်း ပြောကြားသည်။

နံနက်ပိုင်းကလည်း မိုင်းနားကျေးရွာ နယ်မြေ(၁)ရှိ ရွှေနဒီခန်းမ၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက မည်သို့စီမံထားသည်နှင့် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရောဝတီမြစ်တစ်လျှောက် နေထိုင်သူများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်း တည်ဆောက်စဉ်ကာလအတွင်း မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ ခံစားခွင့်၊ အကျိုးအမြတ်၊ စိုးရိမ်ပူပန်မှုများနှင့် စပ်လျဉ်း၍ အပြန်အလှန်ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက်ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန် မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်း အဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

☆ ညောင်တုန်းမြို့နယ်မှ

ယာယီပန်းတာ၏ မြစ်ဘက် Slope အခြေထောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဇဝ၁)






ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆောင်ရွက်ကြစဉ်။

# သာစည်မြို့နယ်တွင် ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ငါးသန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၇

သာစည်မြို့နယ်တွင် ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ငါးသန်းကျော် ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် ထက်အောင်မောင်းနှင်ပြီး တိုးတက်အောင်လိုက်ပါလာသော NISSAN ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅ ဒသမ ၂၈ သန်း (၎င်းဒေသ တန်ဖိုးငွေကျပ် ၇ ဒသမ ၉၂ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို တောင်ကြီးမှ ရန်ကုန်သို့သယ်ဆောင်ခိုင်းသူမှာ အောင်ပန်းမြို့ (၃)ရပ်ကွက်နေ ခွန်ရဲထွဋ် ခေါ် ရဲထွဋ်(ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (သတင်းစဉ်)



တိုးတက်အောင်၊ ထက်အောင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ၂၇-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၆,၇၆၃,၀၇၉.၂၁ | ၃၆,၇၈၄,၄၄၇.၉၄ | ၂၈,၅၈၉,၀၁၂.၇၀ | - |

## ထူးခြားသည့် နေ့အပူချိန်များ (၂၇ - ၈ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော့ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ၆၆ ကေဗွီ ပုသိမ်(ကံကုန်း)-ငရုတ်ကောင်းတောင် ဓာတ်အားလိုင်း ဓာတ်အားပြတ်တောက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် ဩဂုတ် ၂၇

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မဟာဓာတ်အားလိုင်းမှူးရုံး(ရေကြည်)က တာဝန်ယူထိန်းသိမ်းသည့် ၆၆ ကေဗွီ ပုသိမ်(ကံကုန်း)-ငရုတ်ကောင်းတောင် ဓာတ်အားလိုင်းသည် ဩဂုတ် ၂၆ ရက် ညနေ ၅ နာရီ ၄၈ မိနစ်တွင် ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းပြတ်တောက်မှုကြောင့် ငရုတ်ကောင်းမြို့၊ ဟိုင်းကြီးကျွန်းမြို့တို့တွင် ယာယီဓာတ်အားပြတ်တောက်လျက်ရှိကြောင်းနှင့် ဓာတ်အားလိုင်းအပြစ်ဖြစ်ပေါ်မှုကို မဟာဓာတ်အားလိုင်းမှူးရုံး(ရေကြည်)မှ ဝန်ထမ်းများက ဓာတ်အားလိုင်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအတွင်းရှိ ပြည်သူလူထုမှလည်း အဆိုပါဓာတ်အားလိုင်းနှင့်ပတ်သက်၍ ထူးခြားမှုတစ်စုံတစ်ရာသိရှိပါက နီးစပ်ရာ လျှပ်စစ်ရုံးများသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# မြိတ်မြို့နှင့် မြစ်ကြီးနားမြို့တို့ရှိ သံဃာတော်များနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များနှင့်ကျောင်းသား၊ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုအားပေးစဉ်။



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး နေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နတ်မော်ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၌အခြေပြု၍ အဆိုပါကျောင်းရှိ သံဃာတော် ၁၅ ပါးနှင့် ကျောင်းသား၊ ကျောင်းသူ ၉၈ ဦးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နတ်မော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော်အမှူးပြုသော သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အလားတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့် ကျောင်းတိုက်အတွင်း၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ခတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောသံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော်ဘုန်းကြီးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာဖမ်းဆီးနှိပ်စက်သတ်ဖြတ်



PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကဖမ်းဆီး၍ ရက်စက်စွာနှိပ်စက်သတ်ဖြတ်ခံခဲ့ရသည့် ဆရာတော် အရှင်ဣန္ဒာစာရ၏ ရုပ်ကလာပ်တော်မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၂၇**

NUG ၊ CRPH အကြမ်းဖက်အဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေရန်နှင့် မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ရန်အတွက် သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့ကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည့်အပြင် အေးချမ်းစွာတရားဘာဝနာပွားများ အားထုတ်လျက်ရှိသော သံဃာတော်များကိုလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများလုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ဦးရေ ၃၀ ခန့်သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၈ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မုံရွာ- ရေစကြိုကားလမ်းပေါ်၌ တည်ရှိသည့် ရွှေဒါးကျကျေးရွာရှိ ရွှေသိမ်တော် ဘုန်းကြီးကျောင်းသို့ လက်နက်များ ကိုယ်စီကိုင်ဆောင်၍ ရောက်ရှိလာပြီး လက်ထောက်ကျောင်းထိုင်ဆရာတော် အရှင်ဣန္ဒာစာရ သက်တော် ၅၂ နှစ် ဝါတော် ၂၂ ဝါနှင့် အဆိုပါကျေးရွာတွင် နေထိုင်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ ၆၀ နှစ်၊ ဒေါ်နီလာထွန်း ၄၂ နှစ်၊ ဦးမျိုးနိုင် ၆၀ နှစ်၊ ဦးသဲမောင်ဆွေ ၂၄ နှစ်၊ ဦးမျိုးထွန်းအောင် ၃၈ နှစ်၊ ဦးသက်ထွေး ၂၃ နှစ် စုစုပေါင်း ခုနစ်ဦးကို လိုရာဆွဲခေါင်းစဉ်တပ်၍ မထိသာကျေးရွာဘက်သို့ အကြမ်းဖက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးထားသူ ခုနစ်ဦးအနက်မှ ဦးမျိုးထွန်းအောင်နှင့် ဦးသက်ထွေးတို့နှစ်ဦးကို ပြန်လည်စေလွှတ်ပေးခဲ့သည်။ ဆက်လက်၍ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဩဂုတ် ၂၄ ရက် ညပိုင်းတွင် ကျေးရွာနေပြည်သူများဖြစ်ကြသည့် ဦးမြင့်ဆွေ ၆၅ နှစ်၊ ဦးမှတ်တင် ၆၃ နှစ်၊ ဦးမြတ်ထွန်း ၇၀ နှစ်တို့ သုံးဦးကို ထပ်မံဖမ်းဆီးခေါ်ဆောင် သွားခဲ့ကြသဖြင့် စုစုပေါင်း ဆရာတော် တစ်ပါးနှင့် အပြစ်မဲ့ ဒေသခံပြည်သူ ခုနစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်ထားကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးသွားပြီးနောက် အကြမ်းဖက်သမားများက ဆရာတော် အရှင်ဣန္ဒာစာရအား လူမဆန်စွာဖြင့် တင်ပါး၊ ခြေသလုံး၊ ပေါင်၊ ကျောနှင့် ရင်ဘတ်တို့ကို တုတ်ဖြင့် ရိုက်နှက်ခြင်း၊ မီးစနှင့်ထိုးခြင်း၊ လက်ချောင်းနှင့် ခန္ဓာကိုယ်အချို့နေရာများတွင် အသားကို ဓားဖြင့်လှီးဖြတ်ခြင်းများဖြင့် ရက်စက်စွာ အကြမ်းဖက်နှိပ်စက်မှုများကြောင့် ဆရာတော် ပျံလွန်တော်မူခဲ့ရသည်။ အကြမ်းဖက် သောင်းကျန်းသူများသည် ဆရာတော်၏ရုပ်ကလာပ်တော်ကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် မထိသာကျေးရွာ ယခုကဲ့သို့ အများပြည်သူကိုးကွယ်အနီးသို့ လာရောက်ယူဆောင်ရန် အကြောင်းကြားလာသဖြင့် ကျေးရွာနေပြည်သူများက လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် သွားရောက်သယ်ဆောင်ခဲ့ပြီး ရွှေဒါးကျကျေးရွာ၌ မီးသင်္ဂြိုဟ်ပေးခဲ့ကြသည်။

အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက် ဖမ်းဆီးနှိပ်စက်မှုကြောင့် ဆရာတော်ပျံလွန်တော်မူခဲ့ခြင်းကို ဖုံးကွယ်ဖြေရှင်းနိုင်ရန်အတွက် DCS ပြုလုပ်ထားသည့် ဆရာဝန်တစ်ဦး၏ အကူအညီဖြင့် ဆေးမှတ်တမ်းများ အတုပြုလုပ်ကာ မဟုတ်မမှန်လိမ်လည်ဝါဒဖြန့်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် အပြစ်မဲ့ဒေသခံပြည်သူ ခုနစ်ဦးကိုလည်း ဖမ်းဆီးထားဆဲဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူကိုးကွယ်ယုံကြည်ရာဖြစ်သော အေးချမ်းစွာတရားဘာဝနာပွားများ အားထုတ်လျက်ရှိသည့် ဆရာတော်အား အောက်တန်းကျစွာ ရက်ရက်စက်စက် နှိပ်စက်သတ်ဖြတ်ခဲ့ကြသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို ဒေသခံပြည်သူများက ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်း၊ အဆိုပါ အကြမ်းဖက်လုပ်ရပ်အပေါ် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများကို လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရေး ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်လျက်ရှိသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင်အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများကို ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ ရောက်ရှိနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါရပ်ကွက်အတွင်းရှိ နေအိမ်များကို စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ကောင်းမှုတုံရပ်ကွက် ဟိုနားနယ်မြေ မြို့ရှောင်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၃၁ ဦးတို့ကို ဖုန်းမျိုးစုံ ၄၂ လုံး၊ All In One ကွန်ပျူတာ ၁၈ လုံး၊ Desktop ကွန်ပျူတာ အလုံး ၂၀ နှင့် ဆက်စပ်ပစ္စည်းများ၊ Star Link နှစ်လုံး၊ Wifi စက် နှစ်လုံး၊ တရုတ်ငွေ ယွမ် ၂၄၅၀၀၊ Lexus အမျိုးအစားမော်တော်ယာဉ်တစ်စီး၊ Crown အမျိုးအစား မော်တော်ယာဉ် နှစ်စီး၊ ဆိုင်ကယ်မျိုးစုံ သုံးစီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။





မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၃၁ ဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် နေအိမ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။


**○ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မှ**

ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သွင်းရာ၌ ဖြေဆိုမည့်ဘာသာတွဲအလိုက် အစိမ်းရောင်၊ ပန်းရောင် ဖြေဆိုခွင့်လျှောက်လွှာကတ်ပြားပုံစံဖြင့် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး(၂၀၀ဝိ/-)တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများ၊ တွဲဖက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန်လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး(၂၀၀ဝိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီးမြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာနှင့်ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက် ပေးပို့ကြရန်ဖြစ်ကြောင်းသတိပြုစေလိုပါသည်။

၇။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ရန်ကုန်(ရုံးခွဲ) ပါရမီလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**



## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။



**❖ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မှ**

ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ အပြာရောင်ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံ၌ ဖြေဆိုမည့် ဘာသာတွဲကို ရွေးချယ်ဖော်ပြရမည်ဖြစ်ပါသည်။

၃။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများမှ စာမေးပွဲဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၂၀၀ဝိ/-) ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင်ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက်ပုံစံများ မှန်ကန်မှု ရှိ၊ မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၅။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ရန်ကုန်(ရုံးခွဲ) ပါရမီလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၁၈၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

စဉ် မြန်မာစံချိန်စံညွှန်းများ

၁။ MMS IEC 60068 – 2-30:2025 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း-အပိုင်း (၂-၃၀)-စမ်းသပ်မှုများ-စမ်းသပ်မှု ဒီဘီ: စက်ဝန်းပုံစံ စိုထိုင်းမှုနှင့်အပူချိန်စစ်ဆေးခြင်း (၁၂ နာရီ + ၁၂ နာရီ စက်ဝန်း)

၂။ MMS IEC 60068-2-47:2005 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း – အပိုင်း (၂-၄၇)- စမ်းသပ်မှုများ – တုန်ခါမှု၊ သက်ရောက်မှုနှင့် အလားတူ ဒိုင်းနမစ်စမ်းသပ်မှုများအတွက် နမူနာပစ္စည်းများ တပ်ဆင်ခြင်း

၃။ MMS IEC 60068-2-52:2017 ပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်ခြင်း – အပိုင်း (၂-၅၂)- စမ်းသပ်မှုများ – စက်ဝန်းပုံစံ ဆားငန်မှုန် စမ်းသပ်ခြင်း (ဆိုဒီယမ်ကလိုရိုက်ပျော်ရည်)

၄။ MMS IEC 60095-1:2018 ခဲ – အက်စစ် စက်နှိုးဘက်ထရီများ- အပိုင်း (၁)-အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၅။ MMS IEC 60095-2:2021 ခဲ-အက်စစ် စက်နှိုးဘက်ထရီများ- အပိုင်း (၂)–ဘက်ထရီ၏အတိုင်းအတာများ၊ ဘက်ထရီအပေါင်း- အနုတ်ငုတ်၏ အတိုင်းအတာများနှင့် အမှတ်အသားများ

၆။ MMS IEC 60095-4:2021 ခဲ-အက်စစ် စက်နှိုးဘက်ထရီများ- အပိုင်း(၄) – မော်တော်ယာဉ်ကြီးများအတွက် ဘက်ထရီများ၏ အတိုင်းအတာများ

၇။ MMS IEC 60095-7:2019 ခဲ-အက်စစ် စက်နှိုးဘက်ထရီများ- အပိုင်း(၇) – မော်တော်ဆိုင်ကယ် ဘက်ထရီများအတွက် အထွေထွေလိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၈။ MMS IEC 60364-1:2025 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ -အပိုင်း(၁) – အခြေခံအချက်များ၊ အထွေထွေ ထူးခြားသည့်လက္ခဏာများ အကဲဖြတ်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၉။ MMS IEC 60364 – 4 – 41: 2005 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၄-၄၁) – အန္တရာယ်ကင်းရှင်းရေးအတွက် ကာကွယ်ခြင်း – လျှပ်စစ်ဓာတ်လိုက်မှုဖြစ်ခြင်းမှ ကာကွယ်ခြင်း

၁၀။ MMS IEC 60364– 4– 43: 2023 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း (၄-၄၃) အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စီးလွန်ခြင်းမှ ကာကွယ်ခြင်း

၁၁။ MMS IEC 60364-5 – 51: 2005 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅-၅၁) – လျှပ်စစ်ပစ္စည်းကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – ယေဘုယျစည်းကမ်းများ

၁၂။ MMS IEC 60364– 5– 54: 2011 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅ – ၅၄) လျှပ်စစ်ပစ္စည်းကိရိယာများရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – မြေစိုက်စနစ်အစီအစဉ်များနှင့် အကာအကွယ် လျှပ်ကူးပစ္စည်းများ

၁၃။ MMS IEC 60364– 5– 56 :2018 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာသွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၅-၅၆) -လျှပ်စစ်ပစ္စည်းကိရိယာများ ရွေးချယ်ခြင်းနှင့် တပ်ဆင်ခြင်း – ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ဆောင်မှုများ

၁၄။ MMS IEC 60364-7-704: 2017 ဗို့အားနိမ့် လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၇-၇၀၄) – အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ – တည်ဆောက်ခြင်းနှင့် ဖြိုချခြင်းလုပ်ငန်းခွင် သွယ်တန်းတပ်ဆင်ခြင်းများ

၁၅။ MMS IEC 60364-7-705: 2006 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း(၇-၇၀၅) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ၊ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံနှင့် ဆက်စပ်လျက်ရှိသော ပိုင်နက်

၁၆။ MMS IEC 60364– 7-722: 2018 ဗို့အားနိမ့်လျှပ်စစ်ပိုင်းဆိုင်ရာသွယ်တန်းတပ်ဆင်ခြင်းများ – အပိုင်း (၇ – ၇၂၂) အထူးတပ်ဆင်ခြင်းများ သို့မဟုတ် နေရာများအတွက် လိုအပ်ချက်များ – လျှပ်စစ်သုံးယာဉ်များအတွက် ဓာတ်အားပေးခြင်းများ

၁၇။ MMS IEC 60896-11:2002 အထိုင်ချအသုံးပြုသော ခဲ-အက်စစ်ဘက်ထရီများ – အပိုင်း(၁၁) – ဂက်စ်/အငွေ့ထွက်ပေါက်ပါသော အမျိုးအစားများ – အထွေထွေ လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၈။ MMS IEC 60896-21:2004 အထိုင်ချအသုံးပြုသော ခဲ-အက်စစ်ဘက်ထရီများ – အပိုင်း (၂၁) – အဆို့ရှင်တပ် အမျိုးအစားများ – စမ်းသပ်နည်းလမ်းများ

၁၉။ MMS IEC 60896-22:2004 အထိုင်ချအသုံးပြုသော ခဲ-အက်စစ်ဘက်ထရီများ – အပိုင်း (၂၂) – အဆို့ရှင်တပ် အမျိုးအစားများ – လိုအပ်ချက်များ

၂၀။ MMS IEC 61215-1-1: 2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ – ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစား အတည်ပြုခြင်း – အပိုင်း (၁-၁) – ခရစ်တယ်လိုင်း စီလီကွန် ဖိုတိုဗို့လ်တစ်မော်ဂျူးများ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၁။ MMS IEC 61215 – 1 – 2: 2021 မြေပြင်ပေါ်ရှိဖိုတိုဗို့လ်တစ်မော်ဂျူးများ – ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစားခွင့်ပြုချက်-အပိုင်း (၁-၂)-သင်း ဖလင်ကဒ်မီယမ်တယ်လာရိုဒ် အခြေပြုဖိုတိုဗို့လ်တစ်မော်ဂျူးများ စမ်းသပ်ခြင်းအတွက် အထူးလိုအပ်ချက်များ

၂၂။ MMS IEC 61326– 1: 2020 တိုင်းတာခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဓာတ်ခွဲခန်း အသုံးပြုခြင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းကိရိယာများ- လျှပ်စစ်သံလိုက်လှိုင်း သဟဇာတဖြစ်မှု (အီးအမ်စီ) လိုအပ်ချက်များ – အပိုင်း(၁) – အထွေထွေလိုအပ်ချက်များ

၂၃။ MMS IEC 61643-32: 2017 ဗို့အားနိမ့်အတွက် လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာကိရိယာများ – အပိုင်း (၃၂) – ဖိုတိုဗို့လ်တစ် သွယ်တန်းတပ်ဆင်ခြင်းများတွင် ဒီစီဘက်နှင့် ချိတ်ဆက်ထားသော အလွန်မြင့်မားသည့် ပမာဏရှိသော လျှပ်စစ်ဒီလှိုင်း (surge) ကာကွယ်ရေးဆိုင်ရာကိရိယာများ- ရွေးချယ်မှုနှင့် အသုံးပြုနိုင်မှုဆိုင်ရာ စည်းမျဉ်းများ

၂၄။ MMS IEC 62052-11:2020 လျှပ်စစ်မီတာတိုင်းတာရေးကိရိယာများ – အထွေထွေ လိုအပ်ချက်များ၊ စမ်းသပ်မှုများနှင့် စမ်းသပ်မှုအခြေအနေများ – အပိုင်း (၁၁) – တိုင်းတာရေး ကိရိယာများ

၂၅။ MMS IEC 62053-11:2003 လျှပ်စစ်မီတာတိုင်းတာရေး ကိရိယာများ – အထူးလိုအပ်ချက်များ- အပိုင်း (၁၁) – လျှပ်စစ်စွမ်းအင်များအတွက် electromechanical မီတာများ (အတန်းအစားများ ၀၊ ၅၊ ၁ နှင့် ၂)

၂၆။ MMS IEC 62053-21:2020 လျှပ်စစ်မီတာတိုင်းတာရေး ကိရိယာများ – အထူးလိုအပ်ချက်များ – အပိုင်း (၂၁) – အေစီ လှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀၊ ၅၊ ၁ နှင့် ၂)

၂၇။ MMS IEC 62053-22:2020 လျှပ်စစ်မီတာတိုင်းတာရေး ကိရိယာများ – အထူးလိုအပ်ချက်များ – အပိုင်း (၂၂)- အေစီ လှုပ်ရှားစွမ်းအင်များအတွက် Static မီတာများ (အတန်းအစားများ ၀၊ ၁S၊ ၀၊ ၂S နှင့် ၀၊ ၅S)

၂၈။ MMS IEC 62093:2022 ဖိုတိုဗို့လ်တစ်စနစ် လျှပ်စစ်ဓာတ်အားပြောင်းလဲခြင်းဆိုင်ရာ ပစ္စည်းကိရိယာ – ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစားအတည်ပြုခြင်း

၂၉။ MMS IEC 62109 – 2:2011 ဖိုတိုဗို့လ်တစ် လျှပ်စစ်ဓာတ်အားစနစ်များတွင် အသုံးပြုရန် ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂) ဒီစီမှ အေစီ လျှပ်မျိုးပြောင်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ

၃၀။ MMS IEC 62116:2014 အများပြည်သူသုံး ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော ဖိုတိုဗို့လ်တစ် လျှပ်မျိုးပြောင်းကိရိယာများ- အများပြည်သူသုံး ဓာတ်အားလိုင်း ပြတ်တောက်သွားသော်လည်း လျှပ်မျိုးပြောင်းကိရိယာမှ လျှပ်စစ်ဓာတ်အားဆက်လက်ထုတ်လွှတ်နေပြီး ဓာတ်အားဖြန့်ဖြူးနေခြင်းကို တားဆီးကာကွယ်ရေး အစီအမံများနှင့်ပတ်သက်၍ စမ်းသပ်သည့် လုပ်ငန်းစဉ်

၃၁။ MMS IEC 62196-1:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း (၁) – အထွေထွေ လိုအပ်ချက်များ

၃၂။ MMS IEC 62196-2:2025 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း (၂) – အေစီငုတ်နှင့် ချိတ်ဆက်ပြွန် ဆက်စပ်ပစ္စည်းများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာ လိုအပ်ချက်များ

၃၃။ MMS IEC TS 62196-3-1:2020 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ – ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းခြင်း – အပိုင်း (၃-၁) – အပူစီမံခန့်ခွဲမှုစနစ်တွင် ဒီစီလျှပ်ကူးအားသွင်းရန်အတွက် ယာဉ်ချိတ်ဆက်ပစ္စည်းများ၊ ယာဉ်အားသွင်းပေါက်များနှင့် ကေဘယ်(လ်) အစုအဖွဲ့များ

၃၄။ MMS IEC 62281:2019 သယ်ယူပို့ဆောင်ခြင်းတွင် မူလနှင့် ဆင့်ပွားလစ်သီယမ်-အိုင်းယွန်း ဆဲလ်များနှင့် ဘက်ထရီများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး

၃၅။ MMS IEC TR 62660-4:2017 လျှပ်စစ်သုံးယာဉ်များကို တွန်းကန်ရန်အတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်-အိုင်းယွန်း ဆဲလ်များ – အပိုင်း (၄) – IEC 62660-3 ၏ အတွင်းပိုင်းပတ်လမ်း စမ်းသပ်ခြင်းအတွက် သီးခြားအစားထိုး စမ်းသပ်နည်းများ

၃၆။ MMS IEC 62752:2024 လမ်းပေါ်ရှိ လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်းပုံစံ (၂) အတွက် ကေဘယ်(လ်)ကြိုးအတွင်း ထိန်းချုပ်မှုနှင့် အကာအကွယ်ကိရိယာ (IC-CPD)

၃၇။ MMS IEC 62893-1:2017 ဝ.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း (၁)- အထွေထွေလိုအပ်ချက်များ

၃၈။ MMS IEC 62893-2:2017 ဝ.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း(၂) – စမ်းသပ်ခြင်းနည်းလမ်းများ

၃၉။ MMS IEC 62893-3:2017 ဝ.၆/၁ ကီလိုဗို့အထိ အဆင့်သတ်မှတ်ထားသော ဗို့အားများအတွက် လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းကြိုးများ – အပိုင်း (၃)- ၄၅၀/၇၅၀ ဗို့အားအထိ အဆင့်သတ်မှတ်ထားသည့် ဗို့အားများဖြစ်သော IEC 61851-1 အားသွင်းခြင်းပုံစံ ၁၊ ၂ နှင့် ၃ အရ AC အားသွင်းခြင်းအတွက် ကေဘယ်(လ်)များ

၄၀။ MMS IEC 62909-1:2025 နှစ်ထပ် ဂရစ်ချိတ်ဆက်ထားသော ပါဝါလွှဲပြောင်းစက်များ-အပိုင်း(၁)-အထွေထွေနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ

၄၁။ MMS IEC 62909-2:2019 နှစ်ထပ်ဂရစ်ချိတ်ဆက်ထားသော ပါဝါပြောင်းစက်များ – အပိုင်း (၂) – GCPC ၏ မျက်နှာပြင်နှင့် ဖြန့်ဝေထားသော စွမ်းအင်အရင်းအမြစ်များ

၄၂။ MMS IEC 63110-1:2022 လျှပ်စစ်သုံးယာဉ်များကို အားသွင်းခြင်းနှင့် အားသွင်းခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို စီမံခန့်ခွဲခြင်းအတွက် အစီအစဉ် – အပိုင်း (၁)- အခြေခံအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အသုံးပြုမှုကိစ္စရပ်များနှင့် တည်ဆောက်ပုံများ

၄၃။ MMS IEC 63119-1:2025 လျှပ်စစ်သုံးယာဉ်အားသွင်းခြင်း roaming ဝန်ဆောင်မှုအတွက် အချက်အလက်ဖလှယ်ခြင်း- အပိုင်း (၁) – အထွေထွေ

၄၄။ MMS IEC 63330-1:2024 စွန့်ပစ်ဘက်ထရီများ ပြန်လည်အသုံးချခြင်း – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များ

၄၅။ MMS ISO 6469-1:2019 လျှပ်စစ်သုံးယာဉ်များ- ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ- အပိုင်း (၁) – အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၄၆။ MMS ISO 6469-2:2022 လျှပ်စစ်သုံးယာဉ်များ- ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ- အပိုင်း (၂) – ယာဉ်အသုံးပြုနေစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၄၇။ MMS ISO 6469-3:2021 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ-အပိုင်း(၃)- လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၄၈။ MMS ISO 6469-4:2015 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း (၄) – မတော်တဆဖြစ်ပြီးစဉ် လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၄၉။ MMS ISO 7588-1:1998 လမ်းအသုံးပြုယာဉ်များ – လျှပ်စစ်/အီလက်ထရောနစ် ခလုတ်ထိန်းကိရိယာများ- အပိုင်း (၁) – ရီလေးများနှင့် ဖွင့်ပိတ်အချက်ပြမီးများ

၅၀။ MMS ISO 7588-2:1998 လမ်းအသုံးပြုယာဉ်များ – လျှပ်စစ်/အီလက်ထရောနစ် ခလုတ်ထိန်းကိရိယာများ- အပိုင်း (၂) – အီလက်ထရောနစ်ကိရိယာများ


(ဆက်လက်ဖော်ပြပါမည်)

# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

(ယမန်နေ့မှအဆက်)

(ဂ) **စကားဝှက်မေ့လျော့နေပါက ပြန်လည်ရယူခြင်း**

လျှောက်ထားသူသည် စကားဝှက်မေ့လျော့နေပါက **"စကားဝှက် မေ့နေပါသလား။"** ဟူသော Click နှိပ်ပါ။ စကားဝှက်ပြန်လည်ရယူရန်အတွက် အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်ကို ဖောင်တွင် မှန်ကန်စွာ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေး စစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက **"စကားဝှက် ပြန်လည်သတ်မှတ်လင့်ခ်ပို့မည်"** သို့မဟုတ်**"အတည်ပြုကုဒ်ပို့မည်"**ဟူသော Click နှိပ်ပါ။




ပုံ(၅) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

စကားဝှက်ပြောင်းရန်အတွက် မိမိရွေးချယ်ခဲ့သည့် စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်။

(၁) ဖြည့်သွင်းခဲ့သော အီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ ပေးပို့လာမည့်အီးမေးလ်ကို ဝင်ရောက်စစ်ဆေးပြီး **"Reset Password"** ဟူသော စာသားကို Click နှိပ်ပြီး စကားဝှက်ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။


(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပြီး အဆိုပါကုဒ်ကို စနစ်တွင် ရိုက်နှိပ်၍ **"Reset Password"** ဟူသော ခလုတ် (Button) နှိပ်ပြီး စကားဝှက်ပြောင်းလဲသတ်မှတ်မှုကို အတည်ပြုဆောင်ရွက်ပါ။



ပုံ(၆) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ

အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ်သို့ ပေးပို့လာသော စကားဝှက်ပြန်လည်သတ်မှတ်ခြင်း အတည်ပြုချက်ကို လုပ်ဆောင်ပြီးပါက စနစ်မှ စကားဝှက်အသစ် သတ်မှတ်ရန် စာမျက်နှာသို့ လမ်းညွှန်ပေးမည်ဖြစ်သည်။

စကားဝှက်ပြန်လည်သတ်မှတ်ရန်စာမျက်နှာတွင် မိမိ၏ အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ် မှန်ကန်စွာ ပေါ်နေခြင်း ရှိ၊ မရှိ စစ်ဆေးပါ။ ထို့နောက် **"စကားဝှက်"** ကွက်လပ်တွင် မိမိအသုံးပြုလိုသည့် စကားဝှက်အသစ်ကို ဆက်လက်၍ **"စကားဝှက် အတည်ပြုရန်"** ကဏ္ဍတွင် စကားဝှက်ကို ထပ်မံဖြည့်စွက်ပါ။ ဤကဏ္ဍတွင် ရိုက်နှိပ်သည့် စကားဝှက်သည် အထက်တွင်ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှုရှိရပါမည်။ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက **"စကားဝှက်ပြန်လည်သတ်မှတ်မည်"**ဟူသော Click နှိပ်၍ စကားဝှက်ပြန်လည်သတ်မှတ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။ ထို့နောက် အကောင့်ဝင်ရန် စာမျက်နှာ (Login Form) တွင် မိမိတို့ အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်နှင့် စကားဝှက်အသစ် (New Password) တို့ကို မှန်ကန်စွာ ဖြည့်သွင်းရမည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရပါမည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"**ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။



ပုံ(၇) စကားဝှက်ပြောင်းရန် ဖောင်ပုံစံ


(ဃ) **ကိုယ်ရေးအချက်အလက်များ (အမည်၊ အီးမေးလ်၊ ဖုန်းနံပါတ်) ပြင်ဆင်ခြင်း**

လျှောက်ထားသူသည် မိမိ၏အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ်စသည့် ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို နှိပ်ပါ။


(၂) ပေါ်လာသော မီနူးဘားမှ **"ဆက်တင်များ" (Settings)** ကို နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းရှိ **"အကောင့်" (Account)** Tab သည် အလိုအလျောက် Active ဖြစ်နေမည်ဖြစ်ပြီး ညာဘက်ခြမ်းတွင် ကိုယ်ရေးအချက်အလက် ပြင်ဆင်ရန် စာမျက်နှာ ပေါ်လာမည်ဖြစ်ပါသည်။



ပုံ(၈) ကိုယ်ရေးအချက်အလက်ပြင်ဆင်ရန် ဖောင်ပုံစံ

အမည်ပြင်ဆင်ရန် - "အမည်" အကွက်တွင် အသစ်ပြင်ဆင်လိုသော အမည်ကို ရိုက်နှိပ်ပြီး **"သိမ်းမည်"** Click နှိပ်ရပါမည်။



ပုံ(၉) အမည်ပြင်ဆင်ရန် ဖောင်ပုံစံ

**အီးမေးလ်လိပ်စာ ပြင်ဆင်ခြင်း**

(၁) အီးမေးလ်လိပ်စာနေရာ၏ဘေးရှိ **"ပြောင်းရန်"** ကို Click နှိပ်ပါ။ ထိုအခါ အီးမေးလ်အသစ် ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခု ပေါ်လာမည်ဖြစ်ပါသည်။


(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **အီးမေးလ်အသစ် (New Email)** ကို ရိုက်နှိပ်ထည့်သွင်းပေးပါ။

(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"** ကို Click နှိပ်ပါ။ MOEE Support Team မှ ဖြည့်သွင်းလိုက်သော အီးမေးလ်အသစ်ထံသို့ ဂဏန်း(၆) လုံးပါဝင်သော ကုဒ်နံပါတ် (6 digit code) ကို ပေးပို့မည်ဖြစ်ပါသည်။

(၄) အီးမေးလ်ထဲသို့ ရောက်ရှိလာသော ဂဏန်း(၆) လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင် ရိုက်နှိပ်ပြီး **"အတည်ပြုမည်"** ကို Click နှိပ်ပါ။

(၅) ကုဒ်နံပါတ် မှန်ကန်စွာဖြည့်သွင်းပြီးပါက အီးမေးလ်လိပ်စာ ပြောင်းလဲခြင်း လုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည်ဖြစ်ပါသည်။

**အထူးသတိပြုရန်** - နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း Login ပြုလုပ်သည့်အခါတွင် **"အီးမေးလ်အသစ်"** နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"** တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။



ပုံ(၁၀) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ

(ဆက်လက်ဖော်ပြပါမည်)

# လူမှုကွန်ရက်ပေါ်တွင် လိင်တူအချင်းချင်း ချစ်ကြိုက်သည့် BL(Boys' Love), GL (Girls' Love ) စာအုပ်များကြော်ငြာရောင်းချနေသည့် Facebook Page များအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ Facebook Page (၉) ခုသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)ပါ "ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ထုတ်ဝေသူသည် ၎င်းထုတ်ဝေသော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည်"ဆိုသည့် ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ ပုဒ်မ ၁၅ ပါ "မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းသို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ"ဆိုသည့် တားမြစ်ချက်ကိုလည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီခြင်းမရှိဘဲ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော လိင်တူအချင်းချင်းချစ်ကြိုက်သည့် BL(Boys' Love), GL (Girls' Love) စာအုပ်များကို ရောင်းချနေသည့် တရားမဝင်စာမျက်နှာများဖြစ်ကြောင်း တွေ့ရှိရပါသည်-

| စဉ် | အမည် | Facebook Page Link | Telegram Link | TikTok Link | မှတ်ချက် |
|---|---|---|---|---|---|
| (က) | ရွှေအိမ်စာပေ | https://www.facebook.com/share/p/1CiwhaS2oz/ | - | https://www.tiktok.com/@shweeain12200?r=1&t=ZS-98ys3wpxTme | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်း မရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်း မရှိသော BL (Boys' Love), GL (Girls' Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာ ရောင်းချနေခြင်း။ |
| (ခ) | ဆူးခေတ်စာပေ | https://www.facebook.com/share/p/1946LzyTJt/ | @hsuukbook (Personal Acc) | https://www.tiktok.com/@hsuukhit?r=1&t=ZS-98ysH6qSFWv | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်း မရှိသော BL (Boys' Love), GL (Girls' Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာ ရောင်းချနေခြင်း။ |
| (ဂ) | Chi စာပေ | https://www.facebook.com/share/p/1BhU2PQGSx | t.me/Qisarpay | https://www.tiktok.com/@chi42299?r=1&t=ZS-98ysRadyfJ6 | ,, |
| (ဃ) | ဘဝထက်စာပေ | https://www.facebook.com/share/p/1DMhy3tXWA/ | t.me/bowahtet sarpay85 | https://www.tiktok.com/@bawahtet sarpay?r=1&t=ZS-98yse3r0yLV | ,, |
| (င) | ဧရိပ်-A Yeik | https://www.facebook.com/share/p/1EiNLPJCtZ/ | https://t.me/ayeik book land | https://www.tiktok.com/@ayeik?r=1&t=ZS-98yspUr1ANI | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားမှုမရှိခြင်း၊ ထုတ်ဝေစာများကို ဝန်ကြီးဌာနသို့ ပေးပို့ထားခြင်းမရှိသည့်အပြင် ပုံနှိပ်မှတ်တမ်းဖော်ပြထားခြင်း မရှိသော BL (Boys' Love), GL (Girls' Love) စာအုပ်များကို အွန်လိုင်းတွင် ကြော်ငြာ ရောင်းချနေခြင်း။ |
| (စ) | Alora Eleven Book House | https://www.facebook.com/share/p/1LD4Y5bocx/ | https://t.me/alora eleven book house | https://www.tiktok.com/@aloraeleven bookhouse?r=1&t=ZS-98ysvqnipWO | ,, |
| (ဆ) | Libra BookShop (Chuu Sein) | https://www.facebook.com/share/p/1BhRSdW96M/ | https://t.me/librabook shop 131124 | https://www.tiktok.com/@daw.chuu.sein?r=1&t=ZS-98yt0ze2x3U | ,, |
| (ဇ) | Nway Oo Kant Kaw-နွေဦးကံ့ကော် စာအုပ်ဆိုင် | https://www.facebook.com/share/p/1DBUaZbRBN/ | https://t.me/Nwayookant kawbook | https://www.tiktok.com/@nwayookant kawbookshop?r=1&t=ZS-98yt4B QnGq5 | ,, |
| (ဈ) | Z For Zodiac | https://www.facebook.com/share/p/18jzmoddiS/ | @zforzodiac25 | https://www.tiktok.com/@zforzodiac3?r=1&t=ZS-98yt905eN3k | ,, |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာ၍ စိစစ်ကြပ်မတ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော ထုတ်ဝေစာများကို ထုတ်ဝေသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူများ၊ ပုံနှိပ် မှတ်တမ်းဖော်ပြထားခြင်းမရှိသည့် တရားမဝင်ထုတ်ဝေစာများကို ရောင်းချနေသည့် စာအုပ်အရောင်းဆိုင်များအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူ၊ ထုတ်ဝေသူများနှင့် BL(Boys' Love),GL(Girls' Love) စာအုပ်များအား ရောင်းချနေသည့် တရားမဝင်စာအုပ်အရောင်းဆိုင်များ၊ Facebook Page များအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်နေသည့် ထုတ်ဝေစာများကို ရောင်းချခြင်းပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းကစားပုံကောင်းနေတဲ့ လီဗာပူးအသင်း၊ ဆိုစီဒက်အသင်း၊ လိုက်ပ်ဇစ်အသင်းတို့ကို ရွေးရမှာပါ

M L



ဒီတစ်ပတ်စနေနေ့ညကစားမဲ့ ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲတွေထဲမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမရှိပေမဲ့ ခြေရည်တူအသင်းတွေတွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာပါတယ်။ ဒီတစ်ပတ်မှာတော့ ဘွန်ဒက်လီဂါပြိုင်ပွဲလဲစတင်မှာဖြစ်တာကြောင့် ထိပ်သီးလိဂ်ငါးခုစလုံးကစားမှာကိုတွေ့ရမှာပါ။ ဒီတစ်ပတ်မှာတော့ အိမ်ကွင်းအားသာချက်ရှိပြီး တိုက်စစ်မှာလဲ ထိပ်တန်းအဆင့်ကစားသမားတွေကိုပိုင်ဆိုင်ထားတဲ့ လီဗာပူးအသင်း၊ ဆိုစီဒက်အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့ကိုပဲ ရွေးချယ်သွားမှာဖြစ်ပါတယ်။

**လီဗာပူးအသင်းကို ရွေးရမှာပါ**

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၂) မှာအကြိုက်တွေ့တာကတော့ လီဗာပူးအသင်းနဲ့ နော်တင်ဟမ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ အခုအပြောင်းအရွှေ့မှာပရီးမီးယားလိဂ်မှာရလဒ်ကောင်းတွေရယူထားတဲ့ နည်းပြအီရာအိုလာကိုခန့်အပ်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ပွဲစဉ် (၁) မှာတော့ နယူးကာဆယ်ကိုအဝေးကွင်းသွားရောက်ကစားရပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုခုနစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး နယူးကာဆယ်အသင်းဂိုးသမားလက်စွမ်းပြသမှုကြောင့်သာ သွင်းဂိုးနှစ်ဂိုးသာရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲမှာတော့ နည်းပြအီရာအိုလာရဲ့ခံစစ်ကစားပုံကအားနည်းချက်ရှိခဲ့တာကြောင့် နယူးကာဆယ်ရဲ့တန်ပြန်တိုက်စစ်ကိုထိန်းချုပ်နိုင်မှုမရှိဘဲ သွင်းဂိုးနှစ်ဂိုးပေးလိုက်ရလို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းကတော့ တစ်ပွဲလုံးကျဆင်းသွားခြင်းမရှိဘဲ ပြိုင်ဘက်ကိုဖိအားပေးနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာတော့ အထောင်တိုက်စစ်ကအစ်ဆက်၊ တောင်ပံကနူမိုဟာ၊ တောင်ပံခံစစ်ကဖရင်ပေါင်နဲ့ ကာကက်ဇ်တို့သာမန်ခြေစွမ်းပိုင်းသာပြသနိုင်ခဲ့လို့ အခုပွဲမှာတော့ အဲဒီကစားသမားတွေကို အပြောင်းအလဲလုပ်လာမယ်ဆိုရင်တော့ နော်တင်ဟမ်လိုအသင်းကို ထိန်းချုပ်နိုင်မှာသေချာပါတယ်။

နော်တင်ဟမ်အသင်းကတော့ ပြီးခဲ့တဲ့ရာသီမှာ တန်းဆင်းဇုန်ကရုန်းထွက်ဖို့ရုန်းကန်ခဲ့ရတာကြောင့် အခုအပြောင်းအရွှေ့မှာတော့ ပဲလေ့စ်အသင်းနဲ့အောင်မြင်မှုရခဲ့တဲ့ နည်းပြဂလက်စ်နာကို ခန့်အပ်ခဲ့တာကိုတွေ့ရမှာပါ။ ပွဲစဉ် (၁) မှာ ကွင်းလယ်ပိုင်းအားနည်းချက်နဲ့ လိဒ်စ်အသင်းကိုရှုံးခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာတော့ နည်းပြဂလက်စ်နာအနေနဲ့ ကစားသမားအပြောင်းအလဲပြုလုပ်လာဖို့ရှိပေမဲ့ ပြိုင်ဘက်အသင်းက လီဗာပူးအသင်းဖြစ်နေတာကြောင့် အခက်တွေ့မှာသေချာပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုခံစစ်ပိုင်းကပေးဂိုးများနေတာကြောင့် အခုပွဲမှာ လီဗာပူးအသင်းတိုက်စစ်ကိုမထိန်းနိုင်ရင်တော့ပေးဂိုးများသွားနိုင်တာဖြစ်လို့ ကွင်းလယ်ကစားအားပိုကောင်းနေတဲ့ လီဗာပူးအသင်းကိုပဲ ရွေးရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၄ | လိဒ်စ် |
| လီဗာပူး | ၂ | - | ၃ | မိုနာကို |
| လီဗာပူး | ဝ | - | ဝ | ကိုမို |
| လီဗာပူး | ၂ | - | ဝ | ကိုမို |
| နယူးကာဆယ် | ၂ | - | ၂ | လီဗာပူး |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ဝ | - | ၁ | ဘာစီလိုနာ |
| နော်တင်ဟမ် | ၂ | - | ၁ | လေဗာကူဆင် |
| နော်တင်ဟမ် | ၂ | - | ဝ | ဘရက် |
| နော်တင်ဟမ် | ဝ | - | ၁ | လိဒ်စ် |
| နော်တင်ဟမ် | ဝ | - | ၂ | လိဒ်စ် |

**ဆိုစီဒက်အသင်းနဲ့ လက်တွဲရမှာပါ**

လာလီဂါပွဲစဉ် (၃) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆိုစီဒက်အသင်းနဲ့ အက်စ်ပန်ညိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာတော့ သရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဆိုစီဒက်အသင်းဟာ ပြီးခဲ့တဲ့ရာသီမှာ ရလဒ်ပိုင်းကျဆင်းသွားခဲ့တာကြောင့် ဒီဇင်ဘာလအရောက်မှာတော့ နည်းပြမာတာရာဇိုကိုခန့်အပ်နိုင်ခဲ့လို့ ရလဒ်ပိုင်းပြန်ကောင်းလာပြီး ကိုပါဒယ်ရေးဖလားမှာနိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိကာလမှာတော့ ကစားသမားသစ်ထပ် မခေါ်ယူခဲ့ပေမဲ့ အသင်းကကစားသမားအားလုံးကိုထိန်းသိမ်းနိုင်ခဲ့တာကြောင့် နည်းပြမာတာရာဇိုရဲ့ ကစားကွက်ပိုင်းကတော့ ပြောင်းလဲမှုမရှိဘူးလို့ဆိုရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့အမှတ်ပေးနှစ်ပွဲဆက်တိုက် ဘက်တစ်ကိုတစ်ဂိုးဂိုးမရှိ၊ ရီးရဲလ်မက်ဒရစ်ကိုလေးဂိုးတစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိမှာအမှတ်ပေးဇယားအောက်ဆုံးမှာရောက်နေပြီး နိုင်ပွဲရှာဖို့လိုအပ်နေတာကိုတွေ့ရမှာပါ။

အက်စ်ပန်ညိုအသင်းကတော့ အခုအပြောင်းအရွှေ့မှာလဲ ထိပ်တန်းအဆင့် ကစားသမားတွေခေါ်ယူနိုင်ခြင်းမရှိဘဲ အသင်းရဲ့အဓိကကစားသမားတွေကိုသာ ဆက်လက်ထိန်းသိမ်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ လာလီဂါပြိုင်ပွဲမှာ ဆက်လက်ကစားခွင့်ရရှိရေးသာကြိုးစားနေတဲ့အသင်းဖြစ်တာကြောင့် အဆုံးအဖြတ်ပွဲတွေမှာတော့ ခြေစွမ်းပိုင်းသာတဲ့အသင်းတွေကို ရင်ဆိုင်နိုင်စွမ်းမရှိဘူးလို့ ဆိုရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာလီဗန်တေးအသင်းကို အိမ်ကွင်းမှာသုံးဂိုးဂိုးမရှိနဲ့ အဘက်ဘက်ကအသာစီးရယူပြီးနိုင်ပွဲရခဲ့ပေမဲ့ ပြီးခဲ့တဲ့ပွဲမှာတော့ ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အိမ်ကွင်းရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။လက်ရှိ အက်စ်ပန်ညိုရဲ့ကစားကွက်မှာ တောင်ပံကစားသမားတွေက ခြေစွမ်းပြပြီးဂိုးတွေသွင်းယူနေတာကြောင့် ဆိုစီဒက်အသင်းအနေနဲ့ တောင်ပံတိုက်စစ်ကိုထိန်းချုပ်နိုင်ရင်တော့ အက်စ်ပန်ညိုကိုပေးဂိုးမရှိဘဲ နိုင်ပွဲရသွားဖို့များပါတယ်။ ဒါ့ပြင် ကူဘိုနဲ့ အိုရာဇာဘယ်ကိုထိန်းချုပ်နိုင်တဲ့ကစားသမား အက်စ်ပန်ညိုအသင်းမှာမရှိတာကြောင့် အခုပွဲမှာ ဆိုစီဒက် ရမှတ်ပြန်ရှာနိုင်မှာဖြစ်မယ်လို့ သုံးသပ်မိတာကြောင့် ဆိုစီဒက်အသင်းနဲ့ပဲလက်တွဲရမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တူးလော့ | ၂ | - | ၁ | ဆိုစီဒက် |
| ကိုလုံး | ၂ | - | ၁ | ဆိုစီဒက် |
| ချဲလ်ဆီး | ၃ | - | ၁ | ဆိုစီဒက် |
| ဘက်တစ် | ၁ | - | ဝ | ဆိုစီဒက် |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | ဆိုစီဒက် |

**အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၂ | - | ၂ | အက်စ်ပန်ညို |
| မစ်ဒယ်ဘရော့ | ၃ | - | ၃ | အက်စ်ပန်ညို |
| ကိုဗင်ထရီ | ၃ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၃ | - | ဝ | လီဗန်တေး |
| အက်စ်ပန်ညို | ၁ | - | ၂ | ရီးရဲလ်မက်ဒရစ် |

**လိုက်ပ်ဇစ်အသင်းကို အားပေးရမှာပါ**

စနေနေ့ညကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ် (၁) မှာတော့ လိုက်ပ်ဇစ်အသင်းနဲ့ ဂလာဘတ်အသင်းတို့ပွဲစဉ်ကို အကြိုက်တွေ့တာဖြစ်ပါတယ်။ ဘွန်ဒက်လီဂါပြိုင်ပွဲဟာ အခုတစ်ပတ်မှာစတင်ပေမဲ့ လိုက်ပ်ဇစ်အသင်းကတော့ ပြင်ဆင်မှုတွေအများကြီးပြုလုပ်ထားပြီး ကစားသမားကောင်းတွေထပ်မံဖြည့်တင်းနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြအိုလီဝါနာလက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့ပေမဲ့ ရာသီပိတ်သိမ်းချိန်မှာတော့ အဆင့် (၃) မှာ ရပ်တည်နိုင်ခဲ့လို ချန်ပီယံလိဂ်ကစားခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ လက်ရှိမှာတော့ အိုလီဝါနာနေရာမှာ အတွေ့အကြုံကောင်းတွေရှိတဲ့ နည်းပြဒီမစ်ချဲလ်နဲ့အစားထိုးခဲ့တာဖြစ်ပြီး နည်းပြသစ်အနေနဲ့ ၄-၃-၃ကစားကွက်ကို အထိုင်ချကစားနေတာကြောင့် ခံစစ်အားနည်းတဲ့အသင်းတွေဆို ရဂိုးတွေများခဲ့တာကိုသတိပြုရမှာပါ။ ဒါ့ပြင် လိုက်ပ်ဇစ်အသင်းဟာ ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ ဂလာဘတ်အသင်းကိုအသာရထားတာကြောင့် အခုပွဲမှာလဲ ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာသေချာပါတယ်။

ဂလာဘတ်အသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ နိုင်ပွဲကိုးပွဲသာရခဲ့တာကြောင့် ရာသီပြီးဆုံးချိန်မှာ အဆင့် (၁၂) မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ခြေစမ်းပွဲလေးပွဲနဲ့ ပိုကယ်ဖလားပွဲစဉ်တစ်ပွဲမှာတော့ ရှုံးပွဲမရှိဘဲနဲ့ တိုက်စစ်ကပွဲတိုင်းဂိုးရခဲ့တာကြောင့် ဂလာဘတ်ရဲ့ အသင်းလိုက်ကစားအား တိုးတက်လာတယ်လို့ဆိုရပေမဲ့ အမှတ်ပေးပွဲလိုမျိုး အကြိတ်အနယ်ရှိတဲ့ပွဲတွေမှာတော့ ကစားသမားစုဖွဲ့မှုသာတဲ့အသင်းက ရလဒ်ကောင်းလေ့ရှိတာဖြစ်လို့ အခုပွဲမှာ လိုက်ပ်ဇစ်ကို ရင်ဆိုင်နိုင်ဖို့တော့ အခက်တွေ့မှာပါ။ အိမ်ရှင်အသင်း အနည်းဆုံးတစ်ဂိုးနဲ့ နိုင်ပွဲရဖို့သေချာတယ်လို့ သုံးသပ်မိတာကြောင့် လိုက်ပ်ဇစ်အသင်းကိုပဲအားပေးရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆန်းဒေါင်း | ၃ | - | ၁ | လိုက်ပ်ဇစ် |
| ဗွီအက်ဂျီ | ၁ | - | ၂ | လိုက်ပ်ဇစ် |
| လိဒ်စ် | ၂ | - | ဝ | လိုက်ပ်ဇစ် |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၁ | လိုက်ပ်ဇစ် |
| ထရိုင်ယာ | ဝ | - | ၆ | လိုက်ပ်ဇစ် |

**ဂလာဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အက်ဆန် | ၁ | - | ၂ | ဂလာဘတ် |
| ရော့စတော့ | ၁ | - | ၃ | ဂလာဘတ် |
| ဗဲလ်ဘက် | ဝ | - | ၈ | ဂလာဘတ် |
| ဂလာဘတ် | ၂ | - | ၁ | အေဗီလာ |
| တီအက်ဗွီမိန့် | ဝ | - | ၅ | ဂလာဘတ် |

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

## ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၂၄၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ကျွန်းလှ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၂၄၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၄၂၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

မြေပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

## ကဝမြို့နယ် သင်ဘန်းကန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ကဝ ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်ဘန်းကန်ကျေးရွာ၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်း ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းကို မိတ်ဆက်ပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်ဘန်းကန်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သုတ

ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

စာပေမြင့်မှ လူမျိုးတင့်မည်

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

**We Protect The Family**



မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၁၈)ရပ်ကွက်၊ကွင်း/အကွက်အမှတ်-၂၃၃/က၊ ဦးပိုင်အမှတ်(၄၈)ရှိ မြေကွက်ပေါ်တွင် ဦးစန်းမြင့်(သား) ဦးနေဝင်း(၃/ဘအန(နိုင်)၀၁၂၂၆၃) ကိုင်ဆောင်သူမှ အလျား(၂၀'-၀")၊ အနံ(၄၀'-၀") RC တစ်ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (အလက) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်အောင်သီဟဇော်၏ ဖခင်အမည်မှန်မှာ **ဦးပြည့်ဖြိုးအောင်** ဖြစ်ပါကြောင်း။

**ဦးပြည့်ဖြိုးအောင်(၉/မလန(နိုင်)၁၂၇၀၃၆)**

## အမည်ပြောင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊မဟာဂန္ဓာရုံဘက(၁)၊ အထက(ခွဲ)၊ ကျောင်းဝင်အမှတ်-၂၆/၄၅၉ ဖြင့် Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းမျိုးထွန်း၏ သား မောင်ချွန်ဂျင်ရန် အား **မောင်ကောင်းသန့်ပြည့်စုံ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းသန့်ပြည့်စုံ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆/၂၆)၊ အကွက်အမည်-ပန်းဘဲတန်းကွင်း၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ(၀.၁၁၉)ဧကရှိသည့်အနက်မှ ဧရိယာ(၀.၀၆၈)ဧကနှင့် ဦးပိုင်အမှတ်(၇/ခ)၊ ဧရိယာ(၀.၁၄၅)ဧကရှိသည့်အနက်မှ ဧရိယာ(၀.၀၁၇)ဧက၊ စုစုပေါင်းဧရိယာ(၀.၀၈၅)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်-၅ နှင့် ကားလမ်း |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ်-၆ ကျန်မြေနှင့် ၇/ခ ကျန်မြေ |
| (ဂ) | တောင်လားသော် | - | ဦးပိုင်အမှတ်-၇/ခ ကျန်မြေ |
| (ဃ) | မြောက်လားသော် | - | လမ်း |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးမျိုးသိန်းထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၄ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ မြစ်တူးကျေးရွာနေ ဦးခင်မောင်စိုး (ခ) စိုးစိုး ၏ သားများဖြစ်သော မောင်ရန်ပိုင်စိုး (၉/အမရ(နိုင်)၁၃၃၂၀၈)နှင့် မောင်ဖြိုးဝေအောင်(၉/အမရ(နိုင်)၁၃၂၀၂၀)တို့သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းတို့နှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်စိုး(ခ)စိုးစိုး (၉/အမရ(နိုင်)၀၃၆၇၇၂)**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့၊ အောင်သံဟိန်း ကိုယ်ပိုင်ကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ထင်ရှားကိုကို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမောင်မောင်ထွေး** ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ထွေး(၅/ရဥန(နိုင်)၀၆၅၈၁၆)**

## အမည်ပြောင်းလဲခေါ်ပါရန်

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ဆီဆုံအုပ်စု၊ အိုးထိမ်းတောင်ကျေးရွာနေ ဦးဂမ်နန်၏ သမီး မသူသူဟန်ဇော်ကို **မဂျာအောင်** ဟုလည်းကောင်း၊ သား မောင်မင်းအောင်ခန့်ကို **မောင်အောင်လီ** ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မဂျာအောင်**
**မောင်အောင်လီ**

## မိခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ) ရဲဘော်လေးကျောင်းမှ Grade-7 တန်းတွင် ပညာသင်ကြားနေသော မအီတီလီစိုး၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်မဠူသင်း** ဖြစ်ပါကြောင်း။

**ဒေါ်မဠူသင်း**
**(၉/ကဆန(နိုင်)၁၄၆၇၀၈)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊အထကမြို့သစ် Grade-12 တန်းတွင် ပညာသင်ကြားနေသော မမေသက်ထွန်း၏ ဖခင်အမည်မှန်မှာ **ဦးခင်မောင်စိုး** ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး**
**(၉/နထက(နိုင်)၀၉၈၅၄၈)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက မြို့သစ်၊ Grade-11 တွင် ပညာ သင်ကြားနေသော မနှင်းဝတီဦး၏ ဖခင် အမည်မှန်မှာ **ဦးဆန်းအောင်** ဖြစ်ပါကြောင်း။

**ဦးဆန်းအောင်**
**(၁၄/မမက(နိုင်)၁၈၈၅၁၁)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ၅၈ လမ်း၊ ၂၀-၂၁ လမ်းကြား၊ မင်းမြန်မာကိုယ်ပိုင်ကျောင်း၊ Grade-4 (Tulip)တန်းတွင် ပညာသင်ကြားနေသော စိုင်းကောင်းထက်သာ၏ ဖခင်အမည်မှန်မှာ **ဦးအောင်သာထက်** ဖြစ်ပါကြောင်း။

**ဦးအောင်သာထက်(၉/အမဇ(နိုင်)၁၀၉၀၄၄)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

ကြေးမုံ

ယနေ့ ဖတ်စရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်များကို တွေ့ဆုံ အမှာစကားပြောကြား

စာမျက်နှာ - ၁၆

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ(Bund Slope) တည်ဆောက်ခြင်းနှင့် စာမျက်နှာ ၂၃ ကော်လံ ၁ ☆



ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၇

၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်အားကစားရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများသည် မြို့နယ်ပေါင်းစုံ အသက် ၁၈ အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။


ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် အမျိုးသမီးအားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သံပြားပစ်ပြိုင်ပွဲ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ●

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စာမျက်နှာ ၁၉ ကော်လံ ၄ ◆




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၂၆ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်ထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား၊အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပွဲစဉ်များ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှ စတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များတွင် ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ စာမျက်နှာ ၁၉ ကော်လံ ၁ ■

အမျိုးသား သုံးယောက်တွဲ ပြိုင်ပွဲအဖြစ် ရှမ်းပြည်နယ် အသင်းနှင့် မန္တလေးတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင် ကစားနေမှုကို တွေ့ရစဉ်။

